# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂)တွင် အမှာစကားပြောကြား

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကနဦးစီမံကိန်းနယ်မြေလေးခုဖြင့် ဆောင်ရွက်မည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၃

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) နှင့်


*စာမျက်နှာ ၄ ကော်လံ ၁* ◆



ယနေ့ *ဖတ်စရာ*

ခရီးသွားကဏ္ဍ မြှင့်တင်ရန် နိုင်ငံခြားသားဝင်ရောက်ခွင့် ကန့်သတ်ချက် ဖိလစ်ပိုင် ဖြေလျှော့ — နိုင်ငံတကာသတင်း | စာ - ၁၃

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပျဉ်းမနားမြို့နယ်အတွင်း STAR MART အရောင်းဆိုင်ဖွင့် — ပြည်တွင်းသတင်း | စာ - ၁၄




ခိုင်မြဲတဲ့မူဝါဒ၊ နွေးထွေးတဲ့စိတ်ဓာတ်နဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု — ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# သမိုင်းအတွေ့အကြုံများနှင့် ရင့်ကျက်သည့် တပ်မတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် တပ်မတော်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ပါရှိရာ နိုင်ငံတော်အခြေခံမူများ၌ နိုင်ငံတော်၏အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင် ထမ်းဆောင်နိုင်ရေးဟူသော မူတစ်ရပ်လည်း ပါဝင်သည်။ ၎င်း အခြေခံမူအရ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော် က ပါဝင်ထမ်းဆောင်ခြင်းအပေါ် ဒီမိုကရေစီစံနှုန်းနှင့်မညီဟူသော အကြောင်းပြချက်ဖြင့် ပြည်တွင်းနိုင်ငံရေးပါတီနှင့် နိုင်ငံရေး သမားအချို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လေသံ ပစ်လေ့ရှိသည်။ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်လေ့ရှိသည့် အနောက်အုပ်စုဝင်အချို့ကလည်း ၎င်းတို့၏ နောက်မှ ကျားကန်ကာ မြှောက်ထိုးပင့်ကော် ဝင်လုပ်လေ့ရှိသည်။ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အမျိုးသားနိုင်ငံ ရေး ဦးဆောင်မှုအခန်းကဏ္ဍမှ တပ်မတော်အား ဖယ်ရှားရေးပင် ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာခဲ့ သော ဒီမိုကရေစီအစိုးရနှစ်ရပ်ရှိခဲ့ရာ ယင်းအစိုးရများ တာဝန် ယူသွားခဲ့ကြသည့် ကာလတစ်လျှောက် တပ်မတော်အကြီးအကဲ နှင့် တပ်မတော်တို့၏ ရပ်တည်မှု၊ တာဝန်ထမ်းဆောင်မှုတို့ကို မိမိတို့ တွေ့မြင်သိရှိခဲ့ကြရပြီးဖြစ်သည်။ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင် သည်ဟုဆိုသည့်တိုင် ကိုယ်ထင်ရာကိုယ်စိုင်းခဲ့ခြင်းမျိုး၊ ရှာလွန် ရှက်တိုက်ခဲ့ခြင်းမျိုး၊ တာပေါ်ရေကျော်ခဲ့ခြင်းမျိုး ပြုလုပ်ခဲ့ခြင်း လုံးဝမရှိခဲ့။ သို့ရာတွင် အင်န်အယ်လ်ဒီပါတီ ဦးဆောင်သည့် ဒုတိယဒီမိုကရေစီအစိုးရ လက်ထက်တွင်မူ အရပ်ဘက် စစ်ဘက် ဆက်ဆံရေး အေးစက်ခဲ့ခြင်းက ထူးခြားသည်။ နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော သမ္မတသည် အရပ်သားစစ်စစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စသည်ဖြင့် နိုင်ငံနှင့်ပြည်သူတို့အတွက် အမျိုးသားအကျိုးစီးပွားတို့ကို ဖော်ဆောင်ရာတွင် အရပ်ဘက် နှင့် တပ်ဘက်တို့ လက်တွဲညီညီထမ်းဆောင်နိုင်ရန် အခွင့်အလမ်း များကို အာဏာရပါတီအနေဖြင့် ဦးဆောင်ရမည့်အစား တပ်ဘက်ကို ကျောခိုင်းထားခဲ့သည်။

ထို့အပြင် နိုင်ငံမဖွံ့ဖြိုးမတိုးတက်ခြင်း၊ ငြိမ်းချမ်းရေး မရရှိ ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်၊ စစ်တပ်ကြောင့် စသည်ဖြင့် ပါတီလေဘ်ဘီများ၊ လက်ဝေခံမီဒီယာများ အပါအဝင် ပြည်တွင်းပြည်ပမှညှပ်ကာ တပ်မတော်အပေါ် ပုံဖော်မှုများကို ဆိုးဆိုးရွားရွား ပြုလုပ်ခဲ့ကြသည်။ ပြည်သူလူထုအတွင်း၌လည်း တပ်အပေါ် အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်များကို အသုံးပြုကာ နှစ်နှင့်ချီ၍ ပြုလုပ်ခဲ့သည်။ နိုင်ငံ၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့သည့် အရေးပေါ်အခြေအနေကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန် ကို ဝင်ရောက်ထိန်းသိမ်းရယူခဲ့ရသည့်အချိန်မှစ၍ အင်န်အယ်လ်ဒီ အစွန်းရောက်များ၊ အကြမ်းဖက်ဝါဒီများ၏ နိုင်ငံတစ်နိုင်ငံလုံး စစ်မီးတောက်လောင်၍ ပြာပုံဘဝရောက်ရေး၊ အလုံးစုံပျက်သုဉ်း ရေး အစီအမံများမှာ နိုင်ငံတော်၏ အခိုင်အမာအင်စတီကျူးရှင်း ဖြစ်သည့် တပ်မတော်နှင့် ထိတွေ့ရာတွင် တစ်ခုပြီးတစ်ခု လေထဲ တွင် ပျောက်ကွယ်ခဲ့ရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပ အကြမ်းဖက်ဝါဒီတို့၏ တစ်ခုတည်းသော ဦးတည်တိုက်ကွက်မှာ တပ်မတော်ပြိုကွဲရေး ပင်ဖြစ်သည်။ သပ်လျှိုသွေးခွဲသည့်နည်း၊ သွေးဆောင်ဖြားယောင်း သည့်နည်းအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလျက် ရှိရာ တပ်မတော်ပြိုကွဲသွားမှသာ ၎င်းတို့၏ ရည်မှန်းချက်များ ရရှိနိုင်မည့် အကြောင်းရင်းကြောင့် ဖြစ်သည်။ မည်သို့ပင် ကြိုးပမ်းကြစေကာမူ နှစ်ပေါင်း (၇၇) နှစ် ကြာမြင့်လာပြီဖြစ်သည့် ပြည်ထောင်စုဖွား သွေးချင်းများတို့၏ တပ်မတော်မှာ နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ နိုင်ငံ့အချုပ်အခြာကို ကာကွယ်မှု သမိုင်းအတွေ့အကြုံများနှင့် ရင့်ကျက်နေပြီဖြစ်သည့်အလျောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြီး တည်ဆောက်ရေးတွင် ပြည်သူနှင့်အတူ ဦးထမ်းပဲ့ထမ်း ဆက်လက်ကြိုးပမ်းသွားမည်သာဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာ ဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြု ပန်းစည်း ကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်း ပေးသွင်းထားနိုင်ပြီး မတ်လ(၂၄)၊ (၂၅) ရက်နေ့များ တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင် (လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည် ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၄ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)
တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ်
ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ
ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ် တရား လွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်-

(၁) ဒေါ်ခင်ဆွေထွန်း ကရင်ပြည်နယ်တရားလွှတ်တော်
(၂) ဒေါ်စန္ဒာသွယ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၅ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)
တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ်
ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ
ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးညွန့်လင်း ကရင်ပြည်နယ်တရားလွှတ်တော်
(၂) ဒေါ်နုနုခင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
(၃) ဦးသန်းဦးလွင် ရှမ်းပြည်နယ်တရားလွှတ်တော်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ စစ်ရေးပြစစ်ကြောင်းကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။

# (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

**နေပြည်တော် မတ် ၂၃**

၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သော(၇၇) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

**လေ့ကျင့်ဆောင်ရွက်**

စစ်ရေးပြလေ့ကျင့်မှုတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းများပါဝင်ပြီး စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှစစ်ရေးပြကွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာ ချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



(၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေစဉ်။

**လေယာဉ်၊ ရဟတ်ယာဉ်များပါဝင်**

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့(Navy SEALs)၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း) ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ရေ) ယန္တရားတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များပါဝင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲ၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး

**ဆင်ပေါင်ဝဲ မတ် ၂၃**

ဆင်ပေါင်ဝဲမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ၊ အသည်းရောင်အသားဝါ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှော (ရိုတာဗိုင်းရပ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင် (ပီဗွီစီ)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ စသည့်ကာကွယ်ဆေးများကို တိုက်ကျွေးပေးသည်။ **(ယာပုံ)**

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၂ ခုနှစ်၊ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၃**

၂၀၂၂ ခုနှစ်၊(၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို မတ်လ ၂၇ ရက် နံနက် ၅ နာရီ အချိန်မှစ၍ MWD Channel ၊ MWD Variety Channel နှင့် MRTV Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**❑ မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သော မသန်စွမ်းမှုအမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများ ရရှိစေရန်အတွက် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ**

◆ *ရှေ့ဖုံးမှ*

မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကာလများတွင် မသန်စွမ်းသူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်ထားရှိကြောင်း၊ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ကာ မသန်စွမ်းသူများအတွက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၂၂-၂၀၂၇) အတည်ပြု ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ် နှစ်ပတ်လည်အစီရင်ခံစာစာအုပ် (မြန်မာ+အင်္ဂလိပ်)ထုတ်ဝေခြင်း စသည့် လုပ်ငန်းရပ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း။

**မဟာဗျူဟာ ငါးနှစ်စီမံကိန်း**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၅ (ASEAN Enabling Masterplan: 2025)တို့နှင့်အညီ ရေးဆွဲထားပြီး မကြာမီ အတည်ပြုနိုင်တော့မည်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ မဟာဗျူဟာ ငါးနှစ်စီမံကိန်းကို အတည်ပြုပြီးနောက်ပိုင်းတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းစီမံချက် (Action Plan) များ ရေးဆွဲပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းစဉ်များအတွက် အသုံးစရိတ်များကျခံသုံးစွဲနိုင်ရေး၊ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တင်ပြတောင်းခံသွားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

**ပိုမိုအလေးထားလုပ်ဆောင်**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကနဦးစီမံကိန်းနယ်မြေလေးခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ကို သိရှိရကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် မသန်စွမ်းသူဦးရေ ၂ ဒသမ ၃ သန်း (နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း) ရှိသည့်အတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းကိစ္စကို ပိုမိုအလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအခြေအနေအလိုက် လိုအပ်သောပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးလာနိုင်မည်ဖြစ်ပြီး မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိရောက်စွာ ဆောင်ရွက်လာနိုင်ပြီး မသန်စွမ်းသူများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

(၂၀၂၂- ၂၀၂၃) ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကနဦး စီမံကိန်း မြို့နယ်များမှ ရရှိလာသည့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာကို ယခုလအတွင်း ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ပြီး မသန်စွမ်းသူများအတွက် နိုင်ငံ၏ ဆောင်ရွက်ချက်များကို စုစည်းဖော်ပြထားသည့် သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း၊ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီသို့လည်း တင်သွင်းသွားမည်ဖြစ်သည့်အတွက် အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေနိုင်ရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(IDPD)၏ ဆောင်ပုဒ်ဖြစ်သည့် **"အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉အလွန် ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး"**နှင့်အညီ မသန်စွမ်းသူများ၏အခန်းကဏ္ဍကို တိုးတက်အောင် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ**

ထို့မှုမက မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သော မသန်စွမ်းမှု အမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများ ရရှိစေရန်အတွက် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော Vocational Training သင်တန်းများတွင် မသန်စွမ်းသူများ တက်ရောက်သင်ကြားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလုပ်ခန့်ထားရာတွင် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေရေးအတွက် အမျိုးသားကော်မတီက သတ်မှတ်ပေးရမည်ဖြစ်ကြောင်း။

**လုပ်ငန်းစီမံချက်ရေးဆွဲ**

မသန်စွမ်းသူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ရန်ပုံငွေကျပ် ၃ ဘီလီယံကို အရင်းမပျောက်မတည်ငွေအဖြစ် ထားရှိပြီးဖြစ်သည့်အတွက် ကိုဗစ်-၁၉ အလွန် ကာလများတွင် Micro-finance Institute များနှင့်ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ မသန်စွမ်းသူများနှင့် မိသားစုများအတွက် အရင်းမပျောက်ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် မသန်စွမ်းသူများအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင် (Barrier Free Community) ဖြစ်စေရန်အတွက် နေပြည်တော်မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့တွင် စံနမူနာပြဆောင်ရွက်ထားရှိခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများက မိမိတို့ဒေသအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း။

Barrier Free Tourism Pilot Project အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အလုပ်အကိုင်ရေးရာဆပ်ကော်မတီနှင့် မသန်စွမ်းအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပုဂံမြို့များရှိ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဦးစားပေးသတ်မှတ်ထားသော နေရာများတွင် Myanmar Barrier Free Tourism Pilot Project ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

*စာမျက်နှာ ၅ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်တွင် ချီးမြှင့်အပ်နှင်းမည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်တွင် ချီးမြှင့်အပ်နှင်းမည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော်  မတ် ၂၃**

၂၀၂၂ ခုနှစ် မတ်၂၇ ရက်တွင် ချီးမြှင့်အပ်နှင်းမည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်၊ ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မတ်လ ၂၇ ရက်တွင် ကျင်းပမည့် တပ်မတော်နေ့အခမ်းအနားတွင် နောက်ဆက်တွဲ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးရန်အစီအစဉ်ရှိကြောင်း၊ အစဉ်အလာအရ ၂၀၂၂ ခုနှစ်အတွင်း ထုတ်ပြန်သည့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များသည် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့တွင် ပေးအပ်ရမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်၏ ဒီမိုကရေစီစနစ် ပီပြင်ခိုင်မာစေရေး ပြုပြင်ထိန်းသိမ်းနေသည့် ကာလအတွင်း နိုင်ငံတော်၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်သစ္စာရှိဝန်ထမ်းကောင်းများရှိကြောင်း၊ အလားတူ အသက်နှင့်ခန္ဓာကို စွန့်လွှတ်၍သော်လည်းကောင်း၊ အပြင်းအထန် ဒဏ်ရာရရှိသည်အထိ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများလည်းရှိကြောင်း၊ အဆိုပါ ချီးမြှင့်သင့် ချီးမြှင့်ထိုက်သူများအား ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့တွင် အခမ်းအနားဖြင့် ပေးအပ်လို၍ ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ရန် မကျန်ရှိစေရေးအတွက် စိစစ်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပေးအပ်မည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စပ်လျဉ်း၍ အလွှာလိုက်မကျန်ရှိစေရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင် တွဲဖက်စစ်ရေးချုပ်က တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်နိုင်ရေးကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိသော(သို့မဟုတ်) သေဆုံး၊ ကျဆုံးသော ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်နိုင်ရေးနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

အနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများနှင့် မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၂) ၏ လျာထားအစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ကို အကောင်အထည်ဖော်ရာတွင် မိမိတို့အမျိုးသားအဆင့်ကော်မတီ အဖွဲ့ဝင်များအနေဖြင့် တာဝန်ဝတ္တရားအရတင်မဟုတ်ဘဲ လူ့အခွင့်အရေးအရပင်ဖြစ်စေ၊ လူသားချင်းစာနာထောက်ထားခြင်းအရပင်ဖြစ်စေ စေတနာ၊ ကိုယ်ချင်းစာတရား တို့ဖြင့် မိမိတို့၏ ကျရာကဏ္ဍအလိုက် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ အလားတူ မသန်စွမ်းမှုများအပေါ် အကြမ်းဖက်သူများကိုလည်း ထိရောက်ပြင်းထန်သည့် တရားစီရင်ရေးဖြင့် အမြင့်ဆုံးနှင့်အပြင်းထန်ဆုံး ပြစ်ဒဏ်စီရင်ချမှတ်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများက အခြားသောပြစ်မှုများနှင့်မတူဘဲ မသန်စွမ်းသူများ၏ သွားလာရေး၊ ငွေကြေးကန့်သတ်ချက်များအပေါ် ငဲ့ညှာလျက် အမှုတွဲ အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများအပေါ် သက်ဆိုင်ရာ ကူညီပံ့ပိုးပေးနိုင်မည့် ဝန်ကြီးဌာနများအားလုံး၊ အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင်များအားလုံးတို့က ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ




နေပြည်တော် မတ် ၂၃

**တနင်္သာရီတိုင်းဒေသကြီးသို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကျွန်းရတနာ အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆီအုန်းပင် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ကိုကိုးသီးနှံပင် စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများနှင့် 'ဝ' ဥ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများကို အသီးသီး ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# (၇၇) နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၃

**(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်သည်။**

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲကျော်သူနှင့် စစ်ကြောင်းမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုမ္ပဏီ ၁၇၆ ခုနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေ စုစုပေါင်းငွေကျပ် ၇၅၈၀၈၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ကိုလေး၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲကျော်သူ တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
သဘောထားထုတ်ပြန်ချက်
၁၃၈၃ ခု၊ တပေါင်းလပြည့်ကျော်(၇)ရက်
၂၀၂၂ခုနှစ်၊ မတ်လ (၂၃) ရက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအန်တိုနီဘလင်ကင်က ဟိုလိုကော့စ်အထိမ်းအမှတ်ပြတိုက်၌ မြန်မာတပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီအသိုင်းအဝိုင်းအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြောင်း ပြောကြားချက်သည် ပကတိအခြေအနေမှန်များနှင့် လွန်စွာကင်းကွာလျက်ရှိပြီး ခိုင်လုံမှုမရှိသော/ မမှန်မကန် စွပ်စွဲချက်များအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၂၂-၃-၂၀၂၂ ရက်နေ့တွင် ပြင်းထန်စွာ ကန့်ကွက်ပြီး ပြတ်သားစွာ ပယ်ချလိုက်ကြောင်း သဘောထားထုတ်ပြန်ချက်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) က နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အား ထောက်ခံပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)

# ကရင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့များအား ဆန်အိတ်များထောက်ပံ့



**ဘားအံ မတ် ၂၃**

ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့များအား ဆန်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်က ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ စားဝတ်နေရေးနှင့် သက်သာ ချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ကရင်အမျိုးသားအစည်းအရုံး/ကရင် အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) အဖွဲ့အား လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်က ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် (DKBA) အဖွဲ့အား လည်းကောင်း စုစုပေါင်းငွေကျပ် ၆၇၃၈၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၃၂ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❍ *ကျောဖုံးမှ*

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် ဦးရင်မောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ယခုလာမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း။

ပုလင်းသွင်း ဖြည့်တင်းခြင်း ဆောင်ရွက်သည်ဟု ဆိုသော်လည်း ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် ထိုသို့ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ အာဆီယံ ဒေသတွင် မြန်မာနိုင်ငံအပါအဝင် ငါးနိုင်ငံ ဆောင်ရွက်နိုင်ခဲ့ပြီး Sinopharm ကာကွယ်ဆေးအား ပုလင်းသွင်း ဖြည့်တင်းခြင်း (Fill-Finish) ကို ကမ္ဘာပေါ်တွင် လေးနိုင်ငံတည်း လုပ်ဆောင် နိုင်ခဲ့ပါကြောင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG ကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မှု နည်းစဉ်များနှင့် အရည်အသွေး စမ်းသပ်စစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်းအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နေမှုများကို ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင် တို့က Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

ဧပြီလနှင့် မေလတွင် ကာကွယ်ဆေး ထိုးနှံရမည့်သူ အားလုံးကို ၁၀၀% ပြည့်မီအောင်ထိုးနှံနိုင်ရေး ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း၊ ကာကွယ်ဆေး စွမ်းအားမြှင့် "Booster Dose" ထိုးနှံနိုင်ရေး အတွက်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံလိုအပ်နေမည်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) သို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ရေတိုစီမံချက်အနေဖြင့် Sinopharm China National Biotec Group မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ဝယ်ယူ၍ ပုလင်းသွင်းဖြည့်တင်းခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် Myancopharm

မှု နည်းစဉ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ယခုကဲ့သို့ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုသည် ကာကွယ်ဆေး ထုတ်လုပ်မှု နည်းစဉ်များ ရရှိခဲ့ရုံသာမက နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ချနိုင်မည် ဖြစ်ပါကြောင်း။

### ထုတ်လုပ်မည်

ယခု ထုတ်လုပ်ထားရှိသည့် Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဆေးပုလင်း တစ်လုံးလျှင် လူ ငါးဦးစာ (5 Doses) ဖြစ်၍ အပူချိန်(2-8°C) အတွင်း ထားရှိရန် လိုအပ်ပြီး ဆေး၏ သက်တမ်းမှာ တစ်နှစ်ဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် လစဉ်ကာကွယ်ဆေး Doses တစ်သန်းနှုန်းဖြင့် ၂၀၂၂-၂၀၂၃-ခု ဘဏ္ဍာနှစ် အတွင်း ကာကွယ်ဆေး Doses ၁၀ သန်း ထုတ်လုပ်သွားမည် ဖြစ်ပြီး ထုတ်လုပ်ပြီးသည့် ကာကွယ်ဆေးများ အားလုံးကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်သူလူထုထံသို့ ကာကွယ်ဆေး ထိုးနှံရေး ဆောင်ရွက်သည့်အစီအစဉ်၌ ထည့်သွင်းအသုံးပြုသွားရန် စီစဉ်ထားရှိပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံ၌ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍတွင် မရှိမဖြစ် လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆေးဝါးစက်ရုံ (အင်းစိန်) ၏ ကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး) တွင် ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ရာ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်း ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း နှင့် ရေရှည်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှုကို အစအဆုံး ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့် သုတေသနလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က အမှာစကား ပြောကြားပြီး Sinopharm Group ဥက္ကဋ္ဌ Mr. Liu Jingzhen နှင့် အဖွဲ့က Video Conferencing ဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင် တို့က Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် ကူညီ ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း က Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော Sinopharm CNBG မှ ပညာရှင်များအား လည်းကောင်း၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်က Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် ဆောင်ရွက်ခဲ့သည့် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဝန်ထမ်းများအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

### ကြည့်ရှုလေ့လာ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များက Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နေမှု နည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

## ရုပ်ရှင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပြသရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ (၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်) တွင် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသသွားမည်

**နေပြည်တော် မတ် ၂၃**

ရုပ်ရှင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပြသရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပြသရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ လူမှုရေးရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်တို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အင်တာနက်များ ခေတ်မီတိုးတက်လာသော်လည်း နိုင်ငံတိုင်းတွင် ရုပ်ရှင်ရုံများသည် ဆက်လက်တည်ရှိနေပြီး အချို့ဆိုလျှင် ရုပ်ရှင်ရုံများကို ပိုမိုအလေးထားလာကြပါကြောင်း၊ ရုပ်ရှင်ရုံမှ ပေးစွမ်းနိုင်သည့် အသံစနစ်နှင့် ခမ်းနားမှုများကြောင့် ရုပ်ရှင်ရုံများ၏ အခန်းကဏ္ဍသည် အနာဂတ်တွင် ဆက်လက်ထွန်းတောက်နေမည်ဖြစ်ပါကြောင်း၊ အနုပညာသည် ပျော်ရွှင်မှုနှင့် ဖျော်ဖြေမှုပေးစွမ်းနိုင်ပြီး ရုပ်ရှင်အနုပညာရှင်များ၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထုကို ဖမ်းစားနိုင်ပါကြောင်း၊ ပြည်သူများသည် ၎င်းတို့ချစ်သည့် အနုပညာရှင်များကို အားကျအတုယူလေ့ရှိသည့်အတွက် အနုပညာရှင်များ၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နေပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က အနုပညာရှင်များကို ပါရမီရှင်များ၊ ပညာရှင်များဟု သတ်မှတ်အလေးထားပါကြောင်း၊ ရုပ်ရှင်ရုံများကိုလည်း အလေးထားစီမံ ဆောင်ရွက်လျက်ရှိပါကြောင်း။

### အားလုံးလွှဲပြောင်းပေးပြီး

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူစီမံခန့်ခွဲနေသည့် နိုင်ငံပိုင် ရုပ်ရှင်ရုံ ၂၇ ရုံ၊ ပုဂ္ဂလိကသို့ အပြီးအပိုင် ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါ ရုပ်ရှင်ရုံ ၉၄ ရုံ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၁ ရုံတို့၏ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရုပ်ရှင်ရုံများနှင့်သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ၂၀၁၈ ခုနှစ် ဇူလိုင် ၂ ရက်မှစတင်ပြီး လွှဲပြောင်းပေးအပ်ခဲ့ရာ ၂၀၂၂ ခုနှစ် မေ ၂၄ ရက်တွင် အားလုံးလွှဲပြောင်းပေးပြီး ဖြစ်ပါကြောင်း။

### ညှိနှိုင်းထားပြီးဖြစ်

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါ ရုပ်ရှင်ရုံ ၉၄ ရုံတွင် စာချုပ်ပါစည်းကမ်းနှင့်အညီ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျန်ရှိသည့် ရုပ်ရှင်ရုံ ၆၉ ရုံ၏ ရုပ်ရှင်ရုံဝယ်ယူသူများကို စာချုပ်ပါ စည်းကမ်းအတိုင်း အရေးယူ ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၂ ခုနှစ် မတ် ၁၁ ရက်တွင် ကျင်းပသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) တွင် ပုဂ္ဂလိကသို့ အပြီးအပိုင် ရောင်းချခဲ့သည့် ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါ ရုပ်ရှင်ရုံ ၉၄ ရုံအနက် ရုပ်ရှင်ပြသခြင်း မရှိသော ရုပ်ရှင်ရုံများကို တွေ့ရှိရသဖြင့် ရုပ်ရှင်မပြသပါက စည်းမျဉ်းစည်းကမ်းအတိုင်း တိကျစွာ အရေးယူဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့မှုအရ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါ ရုပ်ရှင်ရုံများနှင့်ပတ်သက်၍ ရုပ်ရှင်ပြသခြင်းမပြုဘဲ အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို ခွင့်မပြုရန်၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် အညီ ရုပ်ရှင်ပြသခြင်း လုပ်ငန်းကိုသာ ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ရုပ်ရှင်သည် ပြည်သူလူထုနှင့် တိုင်းပြည်၏ Motivation ကို အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်၍ အားပေးသွားရန်နှင့် အနုပညာရှင်များသည်လည်း တိုင်းပြည်ကို Motivation လုပ်ပေးနိုင်သဖြင့် ၎င်းတို့ကို နည်းလမ်းတကျ အားပေးရန်၊ ရုပ်ရှင်ရုံမရှိလျှင် ရုပ်ရှင်လောကသည် မည်သို့မျှ ရပ်တည်ရှင်သန်နိုင်မည်မဟုတ်သဖြင့် ရုပ်ရှင်ရုံများကို လူတစ်စုမှ ထိန်းချုပ်ထားခြင်း မဖြစ်စေရေး၊ ရုပ်ရှင်ရုံများတွင် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုစေဘဲ ရုပ်ရှင်ကိုသာ ပြသနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ရုပ်ရှင်ရုံများအား အခြားနည်းလမ်း အသုံးပြုခြင်းကို ခွင့်မပြုရန်နှင့် ဆောင်ရွက်ခြင်း မပြုနိုင်လျှင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားရန် လမ်းညွှန်ထားပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပြန်ကြားချက်အရ ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါ ရုပ်ရှင်ရုံ ၉၄ ရုံအနက် ရုပ်ရှင်ပြသလျက်ရှိသော ရုပ်ရှင်ရုံ ၂၅ ရုံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တရပ်နားထားပြီး ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် ရုပ်ရှင်ရုံ ၆၉ ရုံရှိရာ တည်ဆောက်ဆဲ ရုပ်ရှင်ရုံ ၁၀ ရုံ၊ ပြန်လည်ဆောက်လုပ်ရန် စီစဉ်လျက်ရှိသည့် ရုပ်ရှင်ရုံ ၁၆ ရုံ၊ ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ် မရှိသေးသည့် ရုပ်ရှင်ရုံ ၄၃ ရုံ တို့ဖြစ်သည်ကို တွေ့ရပါကြောင်း။

ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ တိုင်းပြည်၊ လူမျိုးတို့၏ ယဉ်ကျေးမှု စရိုက်လက္ခဏာများကို နိုင်ငံတကာသို့ အနုပညာနှင့် ထိုးဖောက်ဝင်ရောက်မှုသည် အောင်မြင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပြသမှု ရုပ်သံဇာတ်လမ်းတွဲများတွင် ပါရှိသည့် ဖော်ပြချက်များအရ ငြင်းပယ်၍မရသည့် အချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ထုတ်လုပ်သူများ၏ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်လည်ရရှိရန်အတွက် ပြည်တွင်း ရုံတင်ပြသနိုင်မည့် ရုပ်ရှင်ရုံများ ပေါ်ထွန်းလာရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ခု ဖြစ်ပါကြောင်း။

### အများဆုံးရုံတင်ပြသနိုင်ခဲ့

မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း Digital ရုပ်ရှင်ရုံများ ပေါ်ပေါက်ရေး အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားများ ထွက်ရှိလာရေး နယ်ပယ်အလိုက် လုပ်ငန်းရှင်များ၊ အနုပညာဖန်တီးသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံ/ ပိတ်ကား (၂၉/၃၈) ရှိခဲ့ရာမှ ၂၀၂၀ ခုနှစ်တွင် ရုပ်ရှင်ရုံ/ ပိတ်ကား (၁၉၆/၂၂၀) အထိ တိုးတက်လာသကဲ့သို့ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုပိုင်းအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ၁၅ ကား ရှိခဲ့ရာ မှ ၂၀၁၉ ခုနှစ်တွင် ၉၈ ကားအထိ တိုးမြှင့် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ လုပ်ငန်း ပြောင်းခွင့်ပြုခဲ့သည့် ရုပ်ရှင်ရုံဝယ်ယူထားသူအချို့သည် ရုပ်ရှင်လုပ်ငန်း လုပ်ကိုင်လာသူများ ရှိလာခဲ့ပါကြောင်း၊ ရုံတင်ပြသမှုအပိုင်းအနေဖြင့် ရုပ်ရှင်ရုံ တိုးတက်လာသည်နှင့် အမျှ ဇာတ်ကားပြသမှု မြင့်တက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသနိုင်သည့် ဇာတ်ကားအရေအတွက် ၉၇ ကားအထိရှိခဲ့ပြီး ရုပ်ရှင်နှစ် ၁၀၀ အတွင်းတွင် အများဆုံး ရုံတင်ပြသနိုင်ခဲ့ပါကြောင်း။

မြန်မာနှစ်ဆန်း တစ်ရက်နေ့ (ဧပြီ ၁၇ ရက်) တွင် ရုပ်ရှင်ရုံများ ပြန်လည် ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြန်လည်ဖွင့်လှစ်ချိန်တွင် ယခင် ရုပ်ရှင်ရုံများ ပိုမိုထွက်ပေါ်လာပြီး လုပ်ငန်းရှင် တစ်ဦးချင်းစီ၏ စီးပွားရေးမှသည် လောကတစ်ခုလုံး စီးပွားရေး၊ နိုင်ငံတစ်ခုလုံး စီးပွားရေးများ လည်ပတ်စေနိုင်ပြီး နိုင်ငံတော် စီးပွားရေးဦးတည်ချက်အပေါ် တစ်ဖက်တစ်လမ်းက အထောက်အကူပြု နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ လူမှုရေးရာ ဝန်ကြီးများနှင့် ဥပဒေချုပ်တို့က ၎င်းတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ရုပ်ရှင်ရုံအရေအတွက်၊ ရုပ်ရှင်ရုံများ၏ သမိုင်းကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူတို့က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ် ပြသနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယခုအခါ အနုပညာရှင်များ အနုပညာ လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း၊ ရုပ်ရှင်လောကသားများ၏ စားဝတ်နေရေးနှင့် ဝင်ငွေရရှိရေးကို အထောက်အကူပြုစေရေးအတွက် လည်းကောင်း၊ ရုပ်ရှင်ရုံ လုပ်ငန်းရှင်များ၏ ရပ်ဆိုင်းထားရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် လည်းကောင်း၊ ပြည်သူလူထု စိတ်လက်ပေါ့ပါးစွာ ရုပ်ရှင်ဇာတ်ကားများ ပြန်လည်၍ ကြည့်ရှုအပန်းဖြေနိုင်ရန်အတွက် လည်းကောင်း ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြန်မာနှစ်ဆန်း တစ်ရက်နေ့ (၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်) တွင် ရုပ်ရှင်ရုံများ ပြန်လည် ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆၂) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မတ်လ၌ မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်ခြင်းသည် ပထမဆုံးဖြစ်

**နေပြည်တော် မတ် ၂၃**

(၆၂) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၆၂) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားတွင်အမှာစကားပြောကြားစဉ်။



### နှစ်စဉ်ကျင်းပ

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် မတ် ၂၃ ရက် ရောက်တိုင်း ကျင်းပခြင်း ဖြစ်ကြောင်း၊ ယခု ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်မှာ "သဘာဝဘေးအန္တရာယ် လျော့ပါးရေးကြိုတင် သတိပေးမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုကို မြှင့်တင်ပေး" ("Early Warning and Early Action. Hydromet–eorological and Climate Information for Disaster Risk Reduction'') ဖြစ်ပါကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ အစွန်းရောက် အဖြစ်အပျက်များသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ပိုမိုဖြစ်ပွားလာခဲ့ရာ အထူးသဖြင့် ကျွန်းနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးဒေသများဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလျက်ရှိသလို မြန်မာနိုင်ငံမှာလည်း သိသိသာသာ ခံစားနေရပါကြောင်း၊ မုတ်သုံ အဝင်နောက်ကျခြင်း၊ အထွက်စောခြင်းတို့ကြောင့် ပျမ်းမျှမုတ်သုံကာလများ တိုတောင်းလာရာ ယခင်က မုတ်သုံကာလ ၁၄၄ ရက်ရှိခဲ့ရာမှ ယခုအခါ မုတ်သုံကာလ ၁၂၁ ရက်သာ ရှိတော့သည့်အတွက် မုတ်သုံကာလ သုံးပတ်ကျော် လျော့နည်းခဲ့ပါကြောင်း၊ ယခုလတ်တလော ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်အနေဖြင့် မြန်မာ့ပင်လယ်ပြင်၌ ဖြစ်ပေါ်သွားသည့် မုန်တိုင်းမှာ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မတ်လ၌ မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်ခြင်းသည် ပထမဆုံးဖြစ်ပါကြောင်း ပြောကြားသည်။

### ဆုချီးမြှင့်

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Professor Petteri Taalas ၏ သဝဏ်လွှာကို ဗီဒီယိုဖြင့် ပြသသည်။ ထို့နောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Video Clip ကို ပြသခဲ့ပြီးနောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက ဆုချီးမြှင့် ပေးအပ်ခဲ့ပြီး အခမ်းအနား တက်ရောက်လာကြ သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးခဲ့သည်။

### စာတမ်းဖတ်ကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသော ခေတ်မီပစ္စည်းကိရိယာများနှင့် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြသည်။ မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင် ဘာသာရပ်ဆိုင်ရာ စာတမ်းများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိတ်ဖက်ဌာနများဖြစ်သော ကျိုင်းတုံတက္ကသိုလ် (ပထဝီဝင်ဌာန)၊ ရန်ကုန်တက္ကသိုလ်(ပထဝီဝင်ဌာန)၊ လားရှိုးတက္ကသိုလ် (ဓာတုဗေဒဌာန)နှင့် နေပြည်တော်၊ စိုက်ပျိုးရေး သုတေသနဌာန (ရေဆင်း)တို့မှ စာတမ်းရှင်များက ဖတ်ကြားသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ကို ၁၉၅၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၉၆၁ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယနေ့တွင် (၆၂) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် မတ် ၂၃

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းအတွက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**



### အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က နိုင်ငံတကာလေကြောင်းလိုင်းများအား ဧပြီ ၁၇ ရက်တွင် ပုံမှန်ပြန်လည် ပြေးဆွဲခွင့်ပြုတော့မည်ဖြစ်ရာ နိုင်ငံတကာခရီးသွား ဧည့်သည်များ လာရောက်ကြမည်ဖြစ်၍ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်တို့ကို စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ ခရီးသွားဧည့်သည်များ လာရောက်ရာတွင် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချမှု ရှိစေရန်အတွက် ဟိုတယ်များအနေဖြင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် Health and Safety Protocol နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မည်သို့ဆောင်ရွက်မည်ကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်ရန်လိုအပ်

ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေး၊ တည်းခိုနေထိုင်ရေးတို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့ (DMO) များအနေဖြင့်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ လိုက်နာရမည့် ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကိုလည်း ကြိုတင်သိရှိနိုင်ရေးအတွက် ထုတ်ပြန်ထားရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ရုံးခွဲတာဝန်ခံများအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့်အခါ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များအား ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန်ဖြစ်ပါကြောင်း။

ပြည်နယ်/တိုင်းဒေသကြီးရှိ ဟိုတယ်များ၊ တည်းခိုရိပ်သာများနှင့် Quarantine ဟိုတယ်များအားလုံး ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ရယူထားရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များကို အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ပေးနိုင်ရေးအတွက် Information Counter များအား စနစ်တကျဖွင့်လှစ်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ရာ သင်တန်းမှ ရရှိလာသော အသိပညာဗဟုသုတများ၊ အတွေ့အကြုံများအပေါ် အခြေခံ၍ နိုင်ငံတကာခရီးသွား ဧည့်သည်များအား ဝန်ဆောင်မှုပေးသည့်အခါ အဆင်ပြေချောမွေ့မှုရှိစေရန် လက်တွေ့ပြန်လည်အသုံးချလုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်သည့်အခါ မိမိတို့ဘက်မှ အဆင်သင့်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် နယ်ရုံးခွဲတာဝန်ခံများက ပြင်ဆင်ဆောင်ရွက်ထားရှိရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)သို့ လှည့်လည်ကြည့်ရှုစစ်ဆေး ဓာတ်ခွဲစစ်ဆေးမှုအပိုင်းတွင် နိုင်ငံတကာအဆင့်မီစစ်ဆေးနိုင်အောင် စီမံဆောင်ရွက်ရမည်



နေပြည်တော် မတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်ဇော်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏာစိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်ဇော်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ဖွင့်လှစ်ပြီးစီးပါက ဆောင်ရွက်နိုင်မည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း/အလှကုန် စစ်ဆေးခြင်းလုပ်ငန်းများ၊ ယခုလက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအား သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် လုပ်ငန်းအပြီးသတ် ဆောင်ရွက်နိုင်ရေး၊ အချိန်တိုအတွင်း ဖွင့်လှစ်နိုင်အောင် တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန်၊ တန်ဖိုးကြီးမားသည့် စက်ပစ္စည်းများကို မပျက်စီးအောင် ထိန်းသိမ်းရန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး အဆင့်ဆင့်ကြီးကြပ်သွားရမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲစစ်ဆေးမှုအပိုင်းတွင်လည်း နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရသည့် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ပြည်သူလူထုထံသို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ရောက်ရှိသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအား အမြန်ဆုံးဝန်ဆောင်မှုပေးနိုင်အောင် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်သွားရန် လိုအပ်ကြောင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ နေရေး ထိုင်ရေး အဆင်ပြေမှုရှိစေရန် စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်)တွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းပါဝင်သော ရုံးအဆောက်အအုံ တစ်လုံး၊ Training center တစ်လုံး၊ အရာထမ်းအိမ်ရာ နှစ်လုံး၊ အမှုထမ်းအိမ်ရာတစ်လုံး၊ လူပျိုဆောင်နှင့် အပျိုဆောင်တို့ ပါဝင်ကာ မကြာမီအချိန်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဖွင့်လှစ်ပြီးစီးပါက သောက်ရေသန့်များတွင် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများပါဝင်မှုရှိ မရှိကိုလည်းကောင်း၊ စားသုံးဆီများတွင် ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေသော အသွင်ပြောင်းအဆီ (Trans fat) ပါဝင်မှုနှုန်း၊ ငရုတ်သီးမှုန့်၊ မြေပဲ၊ ပဲအမျိုးမျိုး၊ နှမ်း၊ မြေပဲဆီနှင့် ပြောင်းနှင့်လုပ်သော မုန့်များတွင် မှို(Aflatoxin) ပါဝင်မှုကို လည်းကောင်း၊ အစားအသောက်များတွင် လူကို ဘေးဥပဒ်ဖြစ်စေတတ်သော ဓာတ်သတ္တုများ ပါဝင်မှုကိုလည်းကောင်း၊ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များအား နိုင်ငံတကာအဆင့်မီ စစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ



နေပြည်တော် မတ် ၂၃

**အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပြန်လည်ထွက်ခွာသည်။**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည် မတ် ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အထူးအေဂျင်စီများနှင့် လည်းကောင်း၊ ပြည်သူ့ပါတီဥက္ကဋ္ဌနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် မြန်မာ့ကြက်ခြေနီ အသင်း၏ လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် လှူဒါန်းထားသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ ထားရှိရန် သိုလှောင်ရုံသို့ သွားရောက် လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်အတူ ညစာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လပတ် ဘဏ္ဍာနှစ်ချုပ် ပိတ်လအတွင်း သက်ဆိုင်ရာ အစိုးရဌာနများ၏ ငွေစာရင်းသို့ အခွန်အခများ အချိန်မီရောက်ရှိရေးအတွက် ဘဏ်များအနေဖြင့် CBM-NET ၏ Fund Transfer ကို အသုံးပြု၍ လည်းကောင်း၊ Cheque/PO များ အသုံးပြု၍ လည်းကောင်း၊ လွှဲပြောင်းစာရင်း ရှင်းလင်းခြင်းနှင့် စပ်လျဉ်း၍ အခက်အခဲမရှိ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ယခုလသည် ဘဏ္ဍာနှစ်ချုပ် ပိတ်လဖြစ်သည့်အတွက် နိုင်ငံတော်မှ ရရှိမည့် ဝင်ငွေများဖြစ်သည့် အခွန်အခများအား သက်ဆိုင်ရာ အစိုးရဌာနများ၏ ငွေစာရင်းသို့ အချိန်မီရောက်ရှိရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်များ အချင်းချင်း CBM-NETမှတစ်ဆင့် Fund Transfer နည်းဖြင့် လွှဲပြောင်းမှုများအတွက် ပမာဏများ ကန့်သတ်ထားခြင်းမရှိပါ၍ ဘဏ်များအနေဖြင့် အခွန်ထမ်းပြည်သူများမှ လာရောက်ပေးသွင်းသည့် အခွန်များအား သက်ဆိုင်ရာ ဘဏ်စာရင်းသို့ Fund Transfer နည်းဖြင့် လွှဲပြောင်းသည့်အခါ အပြည့်အဝ ဆောင်ရွက်ပေးရန်၊ အကယ်၍ အခွန်ထမ်းပြည်သူများမှ ပမာဏကြီးမားသော လွှဲပြောင်းမှုများဖြစ်ပါက ဘဏ်အနေဖြင့် မိမိ၏ Customer နှင့် ညှိနှိုင်း၍ လွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ နှစ်ချုပ်ပိတ်လဖြစ်သည့်အတွက် ဘဏ်များအနေဖြင့် မိမိဘဏ်၏ Customer များအား နောက်ဆုံးစာရင်း ရှင်းလင်းပေးမည့် နေ့ရက်ကို ကြိုတင်အသိပေးထားရန် မှာကြားသည်။

ဆက်လက်၍ ဘဏ်များအနေဖြင့် PO ရောင်းချမှုများတွင် Customer များ၏ Old Account မှဖြစ်စေ၊ New Account မှဖြစ်စေ ရောင်းချပေးရန်၊ ဈေးကွက်တွင် ငွေသားယူစာရင်းပြောင်း၍ PO ဝယ်ယူခြင်းများ၊ ရာခိုင်နှုန်းယူ၍ ငွေသား လဲလှယ်ခြင်းများနှင့် ပက်သတ်၍ ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့် ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီမှ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း မှာကြားခဲ့ပြီး ဘဏ်များမှလည်း ၎င်းတို့ဆောင်ရွက်ချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပူတာအိုခရိုင်၌ (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အကြို စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ပူတာအို မတ် ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အကြိုအဖြစ် စာအုပ်စာစောင်ပြပွဲ ပြသခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြသလျက်ရှိကြောင်းသိရသည်။

စာအုပ်ပြပွဲတွင် လူငယ်ရေးရာစာစောင်များ၊ တိုင်းရင်းသားရေးရာ၊ မြန်မာရေးရာ စသည့်အများပြည်သူဗဟုသုတရရှိစေမည့် သုတရသစာအုပ်များ၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းနှင့် ပုံပြင်စာအုပ်များ စုံစုံလင်လင်ပြသထားလျက်ရှိရာ ကျောင်းသူ ကျောင်းသားများနှင့် စာပေဝါသနာရှင်များက လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါစာအုပ်စာစောင်ပြသမှုများကို မတ် ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်ရာ စာပေဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆိုလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၂)အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၃

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



### သြဝါဒကထာ မြွက်ကြား

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်၊ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရက ရန်ကုန်နှင့် မန္တလေးရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း ၃၅ နှစ်ရှိပြီး ယနေ့အထိ ရှင်သန်ရပ်တည် တိုးတက်နေခြင်းမှာ ဆရာဒကာ ဘက်နှစ်ခုလုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ မိမိကျရာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြ၍ ဖြစ်ပါကြောင်း၊ မိဘ ဆရာသမားတို့၏ အဆုံးအမသြဝါဒကို ခံယူနိုင်ခွင့်ရကြသည့် သားသမီးတပည့်တို့သာ လူ့လောကအလယ်၌ မျက်နှာမငယ် တင့်တင့်တယ်တယ် နေနိုင်သကဲ့သို့ ယခုတက္ကသိုလ်ကြီးများသည်လည်း ဆရာနှင့်တူသည့် သံဃာတော်အရှင်မြတ်များ၊ မိဘနှင့်တူသည့် ဒကာများ၏ ဓမ္မဝိနယနှင့် လျော်ညီသည့် အဆုံးအမအထောက်အပံ့များကို ခံယူရရှိနေကြ၍သာ ယခုလိုအခြေအနေအထိ ရပ်တည်ရှင်သန်နေနိုင်ကြခြင်းဖြစ်ပါကြောင်း၊ တက္ကသိုလ်ကြီးများ၏ ရည်မှန်းဦးတည်ချက်ထဲ၌ အကျင့်သိက္ခာမြင့်မားစေခြင်းကို အလေးပေးဖော်ပြထားသကဲ့သို့ လက်တွေ့လိုက်နာကျင့်သုံးမှု အပိုင်းမှာလည်း မချို့ယွင်းကြစေရန် အထူးကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း၊ "ပညာရှိ သတိဖြစ်ခဲ့မို့" သတိပေးတိုက်တွန်းပါကြောင်း သြဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့ (၁/၂၀၂၂) အစည်းအဝေး တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၂၂)နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက်(၄) ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက်အစည်းအဝေးကို **"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"** သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မတ် ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ မဟာတိလောကာ ရာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ သီရိမင်္ဂလာ ရွှေကျင်တောင် ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဆုတောင်းပြည့်မြစေတီကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၃**

ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အာဆီယံလမ်းမကြီး AH 112 ဖြစ်သည့် ထားဝယ် - မြိတ် လမ်းပေါ်ရှိ ကျွဲကူး - ကျောက်ဖျာ တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေလယ်တိုင် M-6 ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် P 1 မှ M 5 ကြား Plate Girder ငါးခန်း ဆေးသုတ်ခြင်းလုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေမှုကို တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တံတားတစ်ခုလုံး၏ Foundation ကြံ့ခိုင်မှု၊ Water Level ထိ ချဉ်းကပ်တံတားနှင့် ပင်မရေလည်တိုင် Bored Pile များ၏ Lower Water Level ထိ ရေငုပ်စမ်းသပ်စစ်ချက်ရယူဆောင်ရွက်ရန်၊ P 1 မှ M 5 ကြား Plate Girder များ၏ သံချေးစား ပျက်စီးမှုများအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး ကျွဲကူး - ကျောက်ဖျာ တံတားပေါ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်ပြည်သူ့ဆေးရုံ တိုးချဲ့သုံးထပ်ဆောင်သို့ ရောက်ရှိပြီး လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာ သေသပ်ကောင်းမွန်ရေး၊ သတ်မှတ်ချိန် ပြီးစီးရေးတို့အား အလေးထား ဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်ပြည်သူ့ဆေးရုံ သုံးထပ် တိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်မြို့လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန စသည့် ဦးစီးဌာန ငါးခုတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် တက်ရောက်သူများက ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြရန်နှင့် ဝန်ထမ်းတိုင်းသည် ပါတီနိုင်ငံရေးကင်းရှင်းရန်တို့အား အလေးထားလိုက်နာကြရန် မှာကြားပြီး ဦးစီးဌာနအလိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်များမှ ဝန်ထမ်းရေးရာ ကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံလျက်ရှိ

**နေပြည်တော် မတ် ၂၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃၆ ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၂၀၀ တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအားသက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်း(Grade-9) စာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ၏ ပျော်ရွှင်မှုမြင်ကွင်း

နေပြည်တော် မတ် ၂၃

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲများကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပရာ အလယ်တန်းအဆင့် အဋ္ဌမတန်း (Grade-9) စာမေးပွဲကို အေးချမ်းစွာဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုမှုအပြီး ပျော်ရွှင်နေကြသည့်မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်။ ဓာတ်ပုံ-တင်ထွန်းဦး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်။ ဓာတ်ပုံ-(ပြန်/ဆက်)



မွန်ပြည်နယ် မော်လမြိုင်မြို့နယ်။ ဓာတ်ပုံ-ခင်စန်းမြင့်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်။ ဓာတ်ပုံ-(ပြန်/ဆက်)



ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်။ ဓာတ်ပုံ-(ပြန်/ဆက်)




ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်။ ဓာတ်ပုံ-ကိုဆက်(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်။ ဓာတ်ပုံ-မျိုးသီဟ(ပြန်/ဆက်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်။ ဓာတ်ပုံ-အေးအေးမွန်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်။ ဓာတ်ပုံ-မော်လိုက်သားလေး

# အမေရိကန်ပြည်ထောင်စုတွင် လေဆင်နှာမောင်းတိုက်ခတ်မှု တစ်ဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိ

ဝါရှင်တန် မတ် ၂၃

**အမေရိကန်ပြည်ထောင်စု တက္ကဆက်နှင့် အိုကလာဟိုးမားပြည်နယ် နေရာအနှံ့အပြား၌ မတ် ၂၁ ရက် ညနေပိုင်းက လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး တစ်ဦးသေဆုံးခဲ့ပြီး လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မတ် ၂၂ ရက်က ပြောကြားလိုက်သည်။**



အမေရိကန်ပြည်ထောင်စု တက္ကဆက်အလယ်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် သစ်ပင်များ အမြစ်လှန်လဲကျနေသည်ကို တွေ့ရစဉ်။

မုန်တိုင်းအဖျက်လမ်းကြောင်းသည် မတ် ၂၂ ရက်က လူဝီစီယာနားနှင့် မစ္စစ္စပီပြည်နယ်များကို ရွေ့လျားလာခဲ့သည်။ တက္ကဆက်ပြည်နယ်မြောက်ပိုင်း ဂရေဆမ်စီရင်စုရှိ ရှာဝုဒ်ရွာတွင် အသက် (၇၃) နှစ်အရွယ်အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ဂရေဆမ်စီရင်စု အရေးပေါ်စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူး ဆာရာ ဆိုမားစ်က ဒဏ်ရာရရှိသူ ၁၀ ဦးကို ဒေသဆေးရုံများသို့ တင်ပို့ခဲ့ကြောင်း ပြောကြားခဲ့သည်။ ကနဦးသတင်းထုတ်ပြန်ဖော်ပြချက်များအရ တက်ဇ်မာကန် တက္ကဆက်ဘက်ပိုင်း၊ အိုကလာဟိုးမားရှိ ကင်းစ်တန်၊ မာရှယ်စီရင်စုတောင်ပိုင်း ဒေသများတွင် အိမ်အတော်များများ ပျက်စီးခဲ့ကြောင်း သိရသည်။

မာရှယ်စီရင်စု အရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့က လေဆင်နှာမောင်းကြောင့် ဒေသတွင်းလျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်းနှင့် သေဆုံးသူမည်မျှရှိကြောင်း မသိရသေးသော်လည်း လူအတော်များများကို ဒေသဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း နယူး ၁၂ သတင်းလိုင်းသို့ ပြောကြားခဲ့သည်။ ပထမလေဆင်နှာမောင်းသည် မတ် ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီက တက္ကဆက်မြောက်ပိုင်း ဂျက်စ်ဘိုရိုကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ မူလတန်းကျောင်း တစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း၊ တိရစ္ဆာန်နားခိုရာနေရာတစ်ခုနှင့် အိမ် ၆၀ မှ ၈၀ အထိ ပျက်စီးခဲ့သည်။ လေဆင်နှာမောင်းသည် နှစ်မိုင်ကျယ် ပျက်စီးမှုလမ်းကြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ရာ ၎င်းလမ်းကြောင်းအတွင်းရှိ အရာဝတ္ထုမှန်သမျှ ပျက်စီးခဲ့ကြောင်း သိရသည်။

နောက်ထပ် လေဆင်နှာမောင်းတစ်ခုသည် အော်စတင်ဆင်ခြေဖုံး ရောင်းရော့ခ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ရာလမ်းကြောင်းတစ်လျှောက် သက်ရှိ၊ သက်မဲ့ အရာဝတ္ထုအတော်များများပျက်စီးခဲ့သည်။ ပြင်းထန်သည့် မိုးလေဝသအခြေအနေများ သီတင်းပတ်အလယ်လောက်အထိ ဆက်လက်ဖြစ်ပွားမည်ဖြစ်ကြောင်း မိုးလေဝသ သတင်းလိုင်းတစ်ခုတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## ခရီးသွားကဏ္ဍမြှင့်တင်ရန် နိုင်ငံခြားသားဝင်ရောက်ခွင့်ကန့်သတ်ချက် ဖိလစ်ပိုင် ဖြေလျှော့

မနီလာ မတ် ၂၃



ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက နိုင်ငံတကာခရီးသွားကဏ္ဍကို မြှင့်တင်ရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်နှင့် ခရီးသွားကဏ္ဍ အလုပ်အကိုင်များကို ပြန်လည်ရှင်သန်ရန် နိုင်ငံခြားသား ဝင်ရောက်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များအား ဖြေလျှော့ပေးရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ မတ် ၂၁ ရက်က လက်မှတ်ထိုးခဲ့သော ဒူတာတေး၏ အမိန့်တစ်ရပ်တွင် နိုင်ငံတကာခရီးသွားလာရာတွင် လိုအပ်ချက်များကို ဖြေလျှော့ပေးရန် အစိုးရကို တိုက်တွန်းကြောင်း ဖော်ပြပါရှိသည်။ အဆိုပါတိုက်တွန်းချက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသည့် နိုင်ငံခြားသား ခရီးသွားများအတွက် ကွာရန်တင်းကင်းလွတ်ခွင့်လည်း ပါဝင်သည်။

ထို့အပြင် ပြည်တွင်းခရီးသွားကဏ္ဍတိုးမြှင့်ရန် ပြည်တွင်းခရီးသွားကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးရန် အမိန့်ထုတ်ပြန်ထားသည်။ အစိုးရ၏ စီးပွားရေးပြန်လည်နာလန်ထူရေး အစီအစဉ်အများကို ချိန်ညှိအကောင်အထည် ဖော်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးမှု လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် ဒူတာတေးက အလေးအနက်တိုက်တွန်းခဲ့သည်။

လက်ရှိ စီးပွားရေးအကျိုးအမြတ်ရရှိရန်၊ စီးပွားရေးနာလန်ထူရေးနှင့်သက်ဆိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရန် အရေးပေါ်လိုအပ်လျက်ရှိကြောင်း၊ ကပ်ရောဂါကြောင့် ကာလရှည်ကြာ ဆိုးကျိုးသက်ရောက်မှုများကို ကျဉ်းမြောင်းစေရန်နှင့် နိုင်ငံ့ဖွံ့ဖြိုးရေးများကို ပြန်လည်ရရှိအောင် လုပ်ဆောင်သွားရန်လိုကြောင်း ဒူတာတေး၏ ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြခဲ့သည်။ ၂၀၂၀ ပြည့်နှစ်က စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်စေခဲ့ပြီး အလုပ်အကိုင်များ၊ ထုတ်လုပ်ရေးပိုင်းများကို များစွာ ရိုက်ခတ်ခဲ့ပြီး ဝင်ငွေများလည်း လျော့နည်းသွားခဲ့ကာ စီးပွားရေးလုပ်ငန်းအတော်များများ ပိတ်ပစ်ခဲ့ရသည်အထိ ဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ**

## ကိုဗစ်-၁၉ အလုံပိတ်ကန့်သတ်ချက်ဆိုင်ရာ စည်းမျဉ်းတချို့ကို တောင်အာဖရိကသမ္မတ ဖြေလျှော့ပေး

ဂျိုဟန်နဲ့စ်ဘာ့ဂ် မတ် ၂၃

မကြာသေးမီရက်များက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကျဆင်းလာသည့်အတွက် တောင်အာဖရိကသမ္မတ ဆိုင်ရယ် ရာမာဖိုဆာက ကိုဗစ်-၁၉ အလုံပိတ်ကန့်သတ်ချက်ဆိုင်ရာ စည်းမျဉ်းတချို့ကို ဖြေလျှော့ပေးလိုက်ကြောင်း မတ် ၂၂ ရက်ညပိုင်းက ကြေညာလိုက်သည်။

အမျိုးသားကိုရိုနာဗိုင်းရပ်စ် စီမံကွပ်ကဲရေးကောင်စီက ညှိနှိုင်းတိုင်ပင်ချက်နှင့် ထောက်ခံချက်များကို အခြေခံထားသည့် အဆင့် ၁ သတိပေးချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ကန့်သတ်ချက်တချို့ကို ဖယ်ရှားပေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။ သမ္မတ၏အဆိုအရ လူစုလူဝေးကန့်သတ်ချက်များကို ပြောင်းလဲပေးထားပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားပြီးကြောင်း သက်သေပြနိုင်ခြင်း သို့မဟုတ် ၇၂ နာရီအတွင်း ကိုဗစ်-၁၉ စစ်ဆေးထားသူများကို အဆောက်အအုံထဲတွင် အနည်းဆုံး လူ ၅၀ အထိ လက်ခံနိုင်ကြောင်း သိရသည်။ ဈာပနအခမ်းအနားများတွင် လူ ၁၀၀ မှ ၂၀၀ အထိခွင့်ပြုပေးထားကြောင်း ရာမာဖိုဆာက ပြောသည်။

နိုင်ငံတကာ ခရီးသွားများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြောင်း သက်သေ သို့မဟုတ် တောင်အာဖရိကသို့ဝင်ရောက်ခြင်းမပြုမီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း စစ်ဆေးထားရမည်ဖြစ်သည်။

ဆင်ဟွာ

## အိမ်ဖြူတော်ပြန်ကြားရေးတာဝန်ခံနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်းတို့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

ဝါရှင်တန် မတ် ၂၃



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း
ဟီလာရီ ကလင်တန်

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်သည် အပျော့စား ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း မတ် ၂၂ ရက် ညနေပိုင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မိမိတွင် ကိုဗစ်-၁၉ အပျော့စားကူးစက်ဖြစ်ပွားနေသော်လည်း နေထိုင်ကောင်းကြောင်း အသက် (၇၄)နှစ်အရွယ်ရှိ ဟီလာရီကလင်တန်က တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။ ၎င်းအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးခဲ့ကြောင်းလည်း ထပ်လောင်းပြောကြားခဲ့သည်။

၎င်း၏ခင်ပွန်း အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်သည် မတ် ၂၂ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး နေကောင်းကျန်းမာလျက်ရှိကြောင်း သိရသည်။

အသက် (၇၅) နှစ်ရှိ ဘီလ်ကလင်တန်က မိမိတို့မိသားစုဝင်များ ကျန်းကျန်းမာမာ ဖြစ်သည်အထိ သီးသန့်နေထိုင်သွားမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။

အိမ်ဖြူတော် ပြန်ကြားရေးတာဝန်ခံ ဂျန်ဆာကီက လအနည်းငယ်အတွင်း ဒုတိယအကြိမ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း ကြေညာပြီးနောက် ဟီလာရီကလင်တန်က တွစ်တာတွင် ထိုသို့ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ကာကွယ်ဆေးကို ကျေးဇူးတင်ကြောင်းနှင့် မိမိတွင် ကိုဗစ်-၁၉ အပျော့စားကူးစက်ဖြစ်ပွားမှုသာရှိကြောင်း ဆာကီက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်သည် မတ် ၂၂ ရက်က ပီစီအာရ်နည်းဖြင့် ကိုဗစ်-၁၉ စမ်းသပ် စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဆင်ဟွာ

## ဂျပန်ဆိပ်ကမ်း၌ သင်္ဘောများဖြင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ နှုန်းထားများကို မြှင့်တင်တော့မည်

တိုကျို မတ် ၂၃

ဂျပန်ဆိပ်ကမ်း၌ သင်္ဘောများဖြင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ နှုန်းထားများကို မြှင့်တင်တော့မည်ဖြစ်သည်။ ဧပြီ ၁ ရက်မှစပြီး ၃၀ ကီလိုဂရမ်အထိ အလေးချိန်ရှိသည့် အထုပ်များအတွက် အပိုဆောင်းငွေကြေးများကို ပေးရမည်ဖြစ်ကြောင်း ကုမ္ပဏီက အခိုင်အမာပြောကြားသည်။ အမေရိကန်သို့ တင်ပို့ရာတွင် အပိုကြေး ၁ ကီလိုဂရမ်လျှင် ခြောက်ဒေါ်လာကျော်ပေးရမည်ဖြစ်ပြီး ဥရောပ၊ ကျွန်းစုနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းအတွက် ၁ ကီလိုဂရမ်လျှင် လေးဒေါ်လာ ပေးဆောင်ရမည်ဖြစ်သည်။

ဂျပန်ဆိပ်ကမ်းက အမြန်ချောပို့များအတွက်လည်း အပိုကြေးများကို ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ဇွန်လနှောင်းပိုင်းတွင် စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်း ကုန်စည်ပို့ဆောင်မှုများကို လျော့ကျစေခဲ့ပြီး ယင်းက သယ်ယူပို့ဆောင်မှုစရိတ်စကများကို ကြီးမြင့်စေခဲ့ကြောင်း အဆိုပါကုမ္ပဏီက ပြောသည်။

အင်န်အိတ်ချ်ကေ

# (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပျဉ်းမနားမြို့နယ်အတွင်း STAR MART အရောင်းဆိုင်ဖွင့်

နေပြည်တော် မတ် ၂၃

**(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း STAR MART အရောင်းဆိုင်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အောင်ချမ်းသာ (၁) ရပ်ကွက် ရွာကောက် ရန်ကုန်-မန္တလေးလမ်းအနီးရှိ အဆိုပါအရောင်းဆိုင်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) STAR MARTအရောင်းဆိုင်အတွင်း ခင်းကျင်းပြသထားသော စားသောက်ကုန်၊ လူသုံးကုန်နှင့် အိမ်ဆောက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူတစ်ဦးက အဆိုပါအရောင်းဆိုင် ဆိုင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းအရောင်းဆိုင်တွင် ဆန်၊ သကြား၊ ဆီသွတ်ဘူးမျိုးစုံ၊ ဒဂုံအဖျော်ယမကာ ကုမ္ပဏီလီမိတက်မှ ထုတ်ကုန်များ၊ ရွှေဖီဦးအသင့်ဖျော် လက်ဖက်ရည်ထုပ်၊ နန်းမြိုင်ကော်ဖီ၊ နေပြည်တော်သောက်ရေသန့်၊ SUN နို့မှုန့် စသည့်စားသောက်ကုန်ပစ္စည်းများ၊ DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေး၊ အုန်းသားဆီ၊ အုန်းဆန်မှုန့်တုံး စသည့်လူသုံးကုန်ပစ္စည်းများ၊ အိမ်ရိုက်သံအမျိုးမျိုး၊ သွပ်ဆူးကြိုးခွေ၊ သွပ်ဆူးကြိုးလိပ်၊ ဘိုးနပ်ဝါရှာ၊ ကြွေတံဆိပ်ဘိလပ်မြေနှင့် ဆင်နှစ်ကောင် အမှတ်တံဆိပ်ဘိလပ်မြေ စသည့် အိမ်ဆောက်ပစ္စည်းများ၊ TRI-STAR အမှတ်တံဆိပ် တာယာဆိုဒ်မျိုးစုံ၊ SIGMA အမှတ်တံဆိပ် မီးကြိုးဆိုဒ်မျိုးစုံ၊ CNC 3D Machine အသုံးပြု၍ ထုတ်လုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်နှင့် မာဘယ်လ်အချောထည်ပစ္စည်းများ၊ Mytel နှင့် MECTEL Sim ကတ်နှင့် ငွေဖြည့်ကတ်အမျိုးမျိုး၊ ဖန်ထည်ပစ္စည်းများ၊ အောက်ဆီဂျင်နှင့် Need Me အမှတ်တံဆိပ် မီးသတ်ဆေးဘူးများ၊ ကျန်းမာရေးသုံးပစ္စည်းများဖြစ်သော STAR Mask နှင့် တစ်ခါသုံး ဆေးထိုးအပ်အမျိုးမျိုး၊




Smart အမှတ်တံဆိပ်ရုပ်အင်္ကျီအမျိုးမျိုး၊ အခြားအသုံးအဆောင်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းခြင်းများကို ဝယ်ယူရရှိနိုင်သည့်အပြင် မြန်မာမိုလ်ဘိုင်းငွေကြေးဝန်ဆောင်မှုဖြင့် ငွေဖြည့်၊ ငွေလွှဲခြင်းများကို ဆောင်ရွက်နိုင်ပြီး တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်ပြီး အစိမ်းရောင်အဆင့် သတ်မှတ်

**နေပြည်တော် မတ် ၂၃**

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ မကွေးတိုင်းဒေသကြီး မင်းလှမြို့အနီးမှ ရွေ့လျားခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားခဲ့ပြီး ဖြစ်ပါသဖြင့် အစိမ်းရောင်အဆင့်ဟု သတ်မှတ်သည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝဇီရာ(၈)လမ်းနေ ဇော်လင်းထွန်း (ခ) ဖွဲကို (ခ) ဒီမွန် (ဘ) ဦးကျော်လွင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် နွယ်နီ(၃)လမ်းနေ အထက်တန်းပြဆရာမတစ်ဦးနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက်ရှိ လုံခြုံရေးရဲကင်းစခန်းနှင့် အမှတ်(၃၇)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ EPC ရုံးတို့အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာတွင် ပါဝင်ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) အရ ၂၀၂၂ ခုနှစ်၊ မတ် ၂၂ ရက်တွင် ၎င်းအား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အလားတူ ၂၀၂၁ ခုနှစ် မတ် ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိန်ဟိုင်းကျေးရွာနေ နွယ်ထွန်း (ခ) လွယ်ထွန်း (ခ) ဥူးဝိမလ (ဘ) ဦးမြင့်ဦးသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် အောင်ရတနာလမ်းနေ အပြစ်မဲ့ပြည်သူ နှစ်ဦးကို သတင်းပေး၊ ဒလန်ဟုစွပ်စွဲ၍ မီးရှို့ရိုက်နှက် သတ်ဖြတ်ခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၂)/ ၁၁၄ အရ ၂၀၂၂ ခုနှစ်၊ မတ် ၂၂ ရက်တွင် ၎င်းအား "အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂၀) နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



ဇော်လင်းထွန်း (ခ) ဖွဲကို (ခ) ဒီမွန်



နွယ်ထွန်း (ခ) လွယ်ထွန်း (ခ) ဥူးဝိမလ



ကောင်းမြတ် (ခ)စောကောင်းမြတ် (ခ) ဖြိုးမောင်မောင်



ဖြိုးကျော်ဇင် (ခ) ကိုဖြိုး

ထို့အပြင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ ဖြိုးကျော်ဇင် (ခ) ကိုဖြိုး (ဘ) ဦးအောင်ကျော်စိုး၊ ကောင်းမြတ် (ခ) စောကောင်းမြတ် (ခ) ဖြိုးမောင်မောင် (ဘ)ဦးရဲမြင့်ထွန်း၊ ကိုကို (ဘ) ဦးတင်မောင်နှင့် ဝင်းကို(ဘ) ဦးဝင်းကျော်တို့ လေးဦးသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် တေးဥယျာဉ် (၃)လမ်း ပါရမီဆေးခန်းရှိ သူနာပြုဆရာမကြီးတစ်ဦးကို သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁) (ခ)/ ၃၄ အရ ၂၀၂၂ ခုနှစ်၊ မတ် ၂၂ ရက်တွင် ၎င်းတို့အား "သေဒဏ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန် ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၂၈ ဦးရှိ

(၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၈၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၄၈,၆၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၀၉,၉၁၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၆၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၆,၃၇၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၈) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၆,၀၀၀,၇၀၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၁,၇၀၁,၈၄၂) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၂၉၈,၈၅၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၂-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၄၇,၇၀၂,၅၄၂) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၀၈) ခု | (၇၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၁) ခု | (၁၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၁) ခု | (၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၈၉၄) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆၂၈) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၉၂၂) ခု | (၁၁၉) ဦး |
| စုစုပေါင်း | (၁၆,၈၄၂) ခု | (၂၆၇) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၂-၃-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၂၉၈,၈၅၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၇၀၁,၈၄၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၆,၀၀၀,၇၀၀) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေးအကြိမ်ပေါင်း(Vaccine Doses) | (၄၇,၇၀၂,၅၄၂) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆ အထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ အထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆ အထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံးနည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၃ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၄၇၆၂၆၉ | ၆၃၄၅၀၆၂၆ | ၉၉၉၇၉၂ |
| ၂။ | အိန္ဒိယ | ၄၃၀၁၂၇၄၉ | ၄၂၄၇၃၀၅၇ | ၅၁၆၆၃၆ |
| ၃။ | ဘရာဇီး | ၂၉၆၈၃၆၈၆ | ၂၈၂၈၆၈၀၈ | ၆၅၇၇၇၃ |
| ၄။ | ပြင်သစ် | ၂၄၃၄၂၁၁၆ | ၂၂၆၉၉၂၂၁ | ၁၄၁၂၁၈ |
| ၅။ | ဗြိတိန် | ၂၀၄၁၃၇၃၁ | ၁၈၇၀၀၀၈၂ | ၁၆၃၉၂၉ |
| ၆။ | ဂျာမနီ | ၁၉၁၃၄၅၈၃ | ၁၅၁၂၁၁၀၀ | ၁၂၇၈၆၅ |
| ၇။ | ရုရှား | ၁၇၆၆၄၆၂၁ | ၁၆၄၁၇၄၂၂ | ၃၆၅၈၀၂ |
| ၈။ | တူရကီ | ၁၄၇၂၆၂၇၆ | ၁၄၃၆၄၉၅၅ | ၉၇၄၃၇ |
| ၉။ | အီတလီ | ၁၃၉၉၂၀၉၂ | ၁၂၆၃၃၃၈၄ | ၁၅၈၁၀၁ |
| ၁၀။ | စပိန် | ၁၁၃၇၈၇၈၄ | ၁၀၇၀၇၁၆၉ | ၁၀၂၀၅၃ |

## ၂၃-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၈၃၃၈၉၁၄ | ၄၄၆၈၈၀၅ | ၄၂၀၁၄ |
| အင်ဒိုနီးရှား | ၅၉၈၁၀၂၂ | ၅၆၅၈၂၃၈ | ၁၅၄၂၂၁ |
| မလေးရှား | ၄၀၃၂၄၃၅ | ၃၇၄၅၂၂၉ | ၃၄၅၃၅ |
| ဖိလစ်ပိုင် | ၃၆၇၅၃၈၄ | ၃၅၇၂၂၄ | ၅၈၅၆၃ |
| ထိုင်း | ၃၄၂၃၉၅၆ | ၃၁၆၂၃၃၁ | ၂၄၅၀၀ |
| စင်ကာပူ | ၁၀၃၅၇၂၁ | ၁၀၀၁၀၂၇ | ၁၂၁၄ |
| မြန်မာ | ၆၀၉၉၁၅ | ၅၆၆၃၇၅ | ၁၉၄၂၈ |
| လာအို | ၁၅၉၀၄၇ | ၁၅၁၁၆၃ | ၆၅၂ |
| ကမ္ဘောဒီးယား | ၁၃၅၂၂၂ | ၁၃၁၁၆၁ | ၃၀၅၂ |
| ဘရူနိုင်း | ၁၂၈၃၀၆ | ၁၁၇၀၆၁ | ၁၉၉ |

# ခိုင်မြဲတဲ့မူဝါဒ၊ နွေးထွေးတဲ့စိတ်ဓာတ်နဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

ဝင်းဇေယျာထွန်း

ယနေ့ကမ္ဘာပေါ်မှာ နိုင်ငံတွေအချင်းချင်း ဒေသအလိုက်သော်လည်းကောင်း၊ မူဝါဒအရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်တဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များစွာဟာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ရှိနေကြပါတယ်။ ဒါဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု(Multilateralism) ရဲ့ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါတယ်။ နိုင်ငံတွေဟာ ဘာဖြစ်လို့ အခုလို အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်ကြတာလဲဆိုတာ သိသင့်တဲ့မေးခွန်းတစ်ခု ဖြစ်ပါတယ်။

နိုင်ငံတွေနဲ့လူသားတွေရဲ့ သဘောသဘာဝဟာ နေရာတော်တော်များများ ဆင်တူမှုရှိပါတယ်။ လူဟာတစ်ဦးတည်းတစ်ယောက်တည်းနေလို့မရဘဲ အသိုင်းအဝိုင်းနဲ့နေမှ အဆင်ပြေသလို နိုင်ငံတွေဟာလည်း တစ်နိုင်ငံတည်းနေလို့မရပါဘူး။ အသိုင်းအဝိုင်းဆိုတာလိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ လူတစ်ယောက်တည်း အရာအားလုံးမတတ်ကျွမ်းနိုင်ပါဘူး။ အခြားသူတွေရဲ့ အကူအညီလိုပါတယ်။ နိုင်ငံတွေလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်သူတွေအတွက် အေးချမ်းဖွံ့ဖြိုးစည်ပင်တဲ့ လူ့ဘောင်ပတ်ဝန်းကျင်တစ်ခုကို တည်ထောင်ပေးဖို့ဆိုရင် အရင်းအမြစ်များစွာ လိုအပ်ပါတယ်။ အချို့အရင်းအမြစ်တွေကို နိုင်ငံအတွင်းမှာ ထုတ်ယူသုံးစွဲလို့ရပေမယ့် နိုင်ငံအတွင်းမှာမရှိတဲ့ အရင်းအမြစ်တွေ၊ အကူအညီတွေ၊ နည်းပညာတွေကိုတော့ အခြားနိုင်ငံတွေဆီကရယူဖို့ လိုလာပါတယ်။ ဒါ့အပြင် အချို့သောကိစ္စရပ်တွေ၊ အခက်အခဲတွေဟာ နိုင်ငံတစ်နိုင်ငံတည်းဖြေရှင်းလို့ မရပါဘူး။ နိုင်ငံအများက အစုအဖွဲ့နဲ့ဖြေရှင်းမှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော် မှုခင်းနှိမ်နင်းရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးနှိမ်နင်းမှုလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်း အစရှိသည်ဖြင့် ဖြစ်ပါတယ်။

ဒီလိုအချက်တွေကြောင့် အခုလိုနိုင်ငံအစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်တဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေ ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။

### မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ မဲခေါင်ဒေသတွင်းမှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များစွာထဲက တစ်ခုဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ပါဝင်ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တာဖြစ်လို့ အခုနှစ်ဆိုရင် ပူးပေါင်းဆောင်ရွက်မှု သက်တမ်းခြောက်နှစ် ပြည့်ပြီဖြစ်ပါတယ်။ အခြားသော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေနဲ့ နှိုင်းယှဉ်ရင်တော့ သက်တမ်းအနုငယ်ဆုံး လုပ်ငန်းစဉ်လို့ပြောလို့ရပါတယ်။ ဒါပေမယ့် အချိန်တိုအတွင်းမှာ လျင်မြန်တဲ့ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို ရရှိခဲ့ပြီး ဒေသတွင်းပြည်သူများအတွက် လက်တွေ့အကျိုးရှိစေတဲ့ အောင်မြင်မှုတွေကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတာကိုတော့ ဘယ်သူကမှ မငြင်းနိုင်ပါဘူး။

### မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုရဲ့ အောင်မြင်မှုများ

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များရဲ့ အောင်မြင်မှုကို လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ ရလဒ်တွေနဲ့ တိုင်းတာလေ့ရှိပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ ဖွဲ့စည်းမှုပိုင်းမှာဆိုရင် ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ ဘာသာရပ်ဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေး၊ လုပ်ငန်းအဖွဲ့အစည်းအဝေးအစရှိတဲ့ အဆင့်ဆင့်သော လုပ်ငန်းစဉ်များ၊ ဘာသာရပ်ဆိုင်ရာစင်တာများ ထူထောင်နိုင်ခဲ့တဲ့အပြင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီမှာလည်း လုပ်ငန်းများ အနီးကပ်အကောင်အထည်ဖော်မယ့် အတွင်းရေးမှူးရုံး/ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အခုလိုလုပ်ငန်းအကောင်အထည်ဖော်မှုများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေတစ်ရပ်ကို အမေရိကန်ဒေါ်လာ သန်း ၃၀၀ နဲ့ တည်ထောင်ထားရှိပါတယ်။ ဒီရန်ပုံငွေကို တရုတ်နိုင်ငံတစ်နိုင်ငံတည်းက မတည်ထူထောင်ထားတာဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများကတင်ပြလာတဲ့ အသေးစားနဲ့ အလတ်စားစီမံကိန်းများ အကောင်အထည်ဖော်ရာမှာ အသုံးပြုပါတယ်။ ဒီအချက်များဟာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ လက်ရှိအချိန်မှာ ရရှိနေတဲ့ အရည်အသွေးပိုင်းဆိုင်ရာအညွှန်းကိန်း (Qualitative Index)များ ဖြစ်ပါတယ်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေရဲ့ လုပ်ငန်းအောင်မြင်မှုကို တိုင်းတာနိုင်တဲ့ အခြားအချက်က အရေအတွက်ပိုင်းဆိုင်ရာအညွှန်းကိန်း ဖြစ်ပါတယ်။ မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ ခြောက်နှစ်တာ အချိန်တိုကာလအတွင်း အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံမှာ စီမံကိန်းပေါင်း ၅၄၅ ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ဒေသတွင်းမှာရှိတဲ့ ဘယ်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကမှ လိုက်လို့မမီတဲ့အချက်တွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၁၇ ခုနှစ်ကစလို့ ယနေ့အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအောက်က အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်း တန်ဖိုးရှိ စီမံကိန်းစုစုပေါင်း ၇၃ ခု ရရှိအကောင်အထည်ဖော်လျက်ရှိပါတယ်။ ထင်ရှားတဲ့စီမံကိန်းတစ်ခုပြပါဆိုရင် ၂၀၂၁ ခုနှစ်မှာ ကျန်းမာရေးဝန်ကြီးဌာနကရရှိခဲ့တဲ့ “ဇီဝလုံခြုံမှု အဆင့်(၃) ရှိတဲ့ ဓာတ်ခွဲခန်း ( Bio safety Level-3 Laboratory project)” တည်ဆောက်ရေးစီမံကိန်းဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းခန့်တန်ဖိုးရှိတဲ့ ဒီဓာတ်ခွဲခန်းကြီးတည်ဆောက်ပြီးစီးပြီးရင် မြန်မာနိုင်ငံမှာမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုပေးအပ်သွားနိုင်မှာ ဖြစ်ပါတယ်။

- မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ ခြောက်နှစ်တာ အချိန်တိုကာလအတွင်း အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံမှာ စီမံကိန်းပေါင်း ၅၄၅ ခု ကို အကောင်အထည်ဖော်နိုင်ခဲ့
- မြန်မာနိုင်ငံဟာ ၂၀၁၇ ခုနှစ်ကစလို့ ယနေ့အထိ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအောက်က အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၄ သန်း တန်ဖိုးရှိ စီမံကိန်း စုစုပေါင်း ၇၃ ခု ရရှိ အကောင်အထည်ဖော်လျက်ရှိ

### မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဘာလို့အခုလိုအောင်မြင်ခဲ့သလဲ

အကျိုးတရားတိုင်းရဲ့ နောက်ကွယ်မှာ အကြောင်းတရားတွေရှိပါတယ်။ အောင်မြင်မှုဆိုတာ မှန်ကန်တဲ့ကြိုးပမ်းဆောင်ရွက်မှုမရှိဘဲ မရနိုင်ပါဘူး။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အချိန်တိုအတွင်း အောင်မြင်အောင်ဆောင်ရွက်ပေးခဲ့တဲ့ အဓိကအချက်ကြီးတွေ ရှိပါတယ်။

### မူဝါဒ(၇)ရပ်

ပထမအချက်က လုပ်ငန်းစဉ်အပေါ် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ယုံကြည်မှုပါ။ ၂၀၁၆ ခုနှစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် စတင်တည်ထောင်စဉ်မှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေမှာ အခြေခံရမယ့် မူဝါဒ(၇) ရပ်ကို ချမှတ်ခဲ့ပါတယ်။ ဒီမူဝါဒတွေကို ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့မှာကျင်းပတဲ့ ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးက ထုတ်ပြန်တဲ့ “စန်းယကြေညာစာတမ်း” မှာ အတိအလင်း ဖော်ပြသတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ယင်းမူဝါဒများကတော့ တူညီဆန္ဒ (Consensus)၊ ညီတူညီမျှရှိမှု (Equality)၊ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှု (Mutual consultation and coordination)၊ မိမိ ဆန္ဒအလျောက်ပါဝင်မှု (Voluntarism)၊ စုပေါင်းပါဝင်ဆောင်ရွက်မှု (Common contribution)၊ အကျိုးအမြတ်များမျှဝေခံစားမှု (Shared benefits)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှု (Respect for the United Nations Charter and international laws)တို့ပဲ ဖြစ်ကြပါတယ်။ ဒီမူဝါဒတွေဟာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောင်မြင်မှုအတွက် အလွန်အရေးပါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အပေါ် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ယုံကြည်မှုရရှိအောင် ဒီမူဝါဒတွေက ထိန်းကျောင်းဆောင်ရွက်ပေးနေလို့ ဖြစ်ပါတယ်။

ဒီမူဝါဒတွေကို သေသေချာချာ သုံးသပ်ကြည့်မယ်ဆိုရင် အဖွဲ့ဝင်နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို အပြည့်အဝလေးစားတဲ့အပြင် အဖွဲ့ဝင်နိုင်ငံတွေကို အချုပ်အခြာအာဏာပိုင် နိုင်ငံပီသစွာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝပေးထားတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နောက်အချက်တစ်ခုက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံလုံးရဲ့ တူညီဆန္ဒ (consensus) မပါဘဲ ဘယ်လိုဆုံးဖြတ်ချက်ကိုမှ မချပါဘူး။ ဒါဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာ သိပ်ကိုအရေးကြီးပြီး အလွန်လက်တွေ့ကျတဲ့မူဝါဒဖြစ်ပါတယ်။ ဥပမာ ပြောရရင် လုပ်ငန်းတစ်ခုဟာ အချို့သော နိုင်ငံတွေအတွက် အဆင်ပြေပြီး အချို့သောနိုင်ငံတွေအတွက် အဆင်မပြေတဲ့အခြေအနေမျိုးဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အခြေအနေတစ်ရပ်ဖြစ်ပါတယ်။ ဒီနေရာမှာအရေးကြီးတာက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အနေနဲ့ ဘယ်လိုကိုင်တွယ်ဆောင်ရွက်လဲဆိုတာ ဖြစ်ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံအနက် တစ်နိုင်ငံသဘောမတူရင် အဲဒီလုပ်ငန်းကိုမဆောင်ရွက်ပါဘူး၊ အဲဒီဆုံးဖြတ်ချက်ကို မချမှတ်ပါဘူး။ သဘောမတူတဲ့ နိုင်ငံကိုလည်း အုပ်စုဖွဲ့အနိုင်ကျင့်တာ၊ ဖိအားပေးတာတွေ မရှိပါဘူး။ ဒီလိုမဖြစ်အောင် အထက်မှာ တင်ပြခဲ့တဲ့ မူဝါဒ(၇)ရပ်က ထိန်းသိမ်းထားပါတယ်။

ဒါ့အပြင် လက်တွေ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်ရာမှာ အဖွဲ့ဝင်နိုင်ငံများရဲ့ ပြည်တွင်းဥပဒေတွေကို လေးစားလိုက်နာရမယ်ဆိုတဲ့အချက်ကိုလည်း အလေးထား ထည့်သွင်းဆောင်ရွက်လာခဲ့ပါတယ်။ ဒီအချက်ဟာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအသိုင်းအဝိုင်းမှာ တစ်မူထူးခြားစေတဲ့အချက်လည်းဖြစ်ပါတယ်။ *စာမျက်နှာ ၁၇ သို့*



## ရုပ်ရှင်ရုံများအား ၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက်နေ့(မြန်မာနှစ်ဆန်း ၁ ရက်နေ့)တွင် ပြန်လည်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာချက်

Coronavirus Disease 2019 (COVID–19) သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း ၁၁–၃–၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ကြေညာခဲ့သည့်အတွက် COVID–19 ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများမှတစ်ဆင့် လျင်မြန်စွာ ဖြစ်ပေါ်နိုင်သောကြောင့် ပြည်သူများ၏ ကျန်းမာရေးကို အလေးပေးရှေးရှုသောအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသခြင်းများအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၁၆) ရက်နေ့မှ စတင်၍ ရပ်ဆိုင်းထားရန် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများအပေါ် သုံးသပ်ချက်များအရ ကိုဗစ်–၁၉ ရောဂါ ခံတက်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု၊ ပိုးတွေ့မှုနှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသာစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ ပြုစုထားသည့် “ရုပ်ရှင်ပြသရာတွင် လိုက်နာဆောင်ရွက်ရမည့် စံပြုသတ်မှတ်ချက် (Standard Operating Procedures–SOP)” နှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ပြီး ပထမအဆင့် ပြသရန် လျာထားသည့် ရုပ်ရှင်ရုံ (၆၀) ခန့်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့ (မြန်မာနှစ်ဆန်း ၁ ရက်နေ့)တွင် ပြန်လည်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
(၂၃–၃–၂၀၂၂ ရက်နေ့)

## ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် နည်းပညာတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေးကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာနသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံသားတို့၏ လူမှု၊စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် နိုင်ငံအကျိုးပြု အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာပညာရှင်များ လေ့ကျင့်မွေးထုတ် နိုင်ရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် နည်းပညာတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရာတွင် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ (၄) ဘာသာ စုစုပေါင်းရမှတ် (အများ/အနည်း) ပေါ်မူတည်၍ ရွေးချယ်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါကြောင်း ကျောင်းသား/ ကျောင်းသူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေး ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ပြည်သူလူထုအား အရည်အသွေးပြည့်ဝ၍ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် ကျန်းမာရေးကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်ပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် ပိုမိုထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်ရေးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဝါသနာနှင့်ပြည့်စုံသည့် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များကို လေ့ကျင့်မွေးထုတ်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂–ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ(၆)ဘာသာရမှတ်၏ သတ်မှတ်စုစုပေါင်းရမှတ်ရရှိသူများအနက်မှ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ(၃)ဘာသာ စုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ လူတွေ့စစ်ဆေးခြင်းစာမေးပွဲဖြေဆို ခွင့်ပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကျောင်းသား/သူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၁၇–၃–၂၀၂၂

*စာမျက်နှာ ၁၆ မှ*

နောက်တစ်ချက်က ညီတူညီမျှရှိမှု (Equality) ပါ။ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ အဖွဲ့ဝင်နိုင်ငံတွေကိုကြည့်လိုက်ရင် တစ်နိုင်ငံချင်းစီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားတွေ ကွဲပြားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အောက်မှာတော့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးက တန်းတူပါပဲ။ များသောအားဖြင့် ဒီလို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေမှာ ရန်ပုံငွေထောက်ပံ့တဲ့နိုင်ငံက သူတို့ဆန္ဒကိုပဲ ဦးစားပေးပြီးဆောင်ရွက်တာ၊ ရန်ပုံငွေထောက်ပံ့တဲ့ နိုင်ငံရဲ့ ဆုံးဖြတ်ချက်ကို အသားပေးတဲ့ စည်းမျဉ်းတွေရေးဆွဲတာဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသိုင်းအဝိုင်းမှာ ပြုလုပ်လေ့ရှိတဲ့ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ဒါပေမယ့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ ဒီလို မရှိပါဘူး။ ရန်ပုံငွေအဓိကထောက်ပံ့တဲ့ တရုတ်နိုင်ငံက လုပ်ငန်းတစ်ခုလုပ်ချင်တယ်ဆိုရင် အဖွဲ့ဝင်နိုင်ငံတွေကို ဦးစွာတိုင်ပင်ပါတယ်၊ သဘောထားမှတ်ချက်တောင်းခံပါတယ်။ အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံလုံးရဲ့ တူညီဆန္ဒ(Consensus)ရမှ၊ တစ်နည်းအားဖြင့် အဖွဲ့ဝင်နိုင်ငံတွေအားလုံး သဘောတူမှ လုပ်ငန်းကို ဆောင်ရွက်ပါတယ်။

ဒီနေရာမှာ တင်ပြလိုတာက စည်းမျဉ်းတွေ ဘယ်လောက်ပဲရှိရှိ လိုက်နာလိုတဲ့စိတ်ရှိမှ၊ အလေးထားမှ ဒီစည်းမျဉ်းတွေဟာတန်ဖိုးရှိတာပါ။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အဖွဲ့ဝင်နိုင်ငံတွေ သဘောထားကွဲလွဲတာ ရှောင်လွှဲလို့မရတဲ့ သဘာဝတစ်ခုဖြစ်ပါတယ်။ ဒီလို အခြေအနေမှာ အထူးသဖြင့် အချို့သောအင်အားကြီးတဲ့ နိုင်ငံကြီးတွေက သူတို့လုပ်လိုတဲ့ ကိစ္စကို သဘောမတူတဲ့ နိုင်ငံငယ်တွေကို ပညာသားပါပါ နောက်ကွယ်က ဖိအားပေးတာ၊ အခြားနိုင်ငံတွေကို စည်းရုံးအုပ်စုဖွဲ့စေပြီး ဖိအားပေးအကျပ်ကိုင်တာတွေကလည်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာ မဆန်းတဲ့ဖြစ်ရပ်များ ဖြစ်ပါတယ်။ ဒါပေမယ့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ ဒီလိုဖြစ်စဉ်မျိုးမရှိပါဘူး။ နိုင်ငံကြီးဖြစ်လို့ အဖွဲ့ဝင်နိုင်ငံတွေကို နည်းမျိုးစုံနဲ့ဖိအားပေးပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်တဲ့ အခြေအနေတွေ ရှိပေမယ့်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက သဘောမတူတဲ့ကိစ္စကို ဆက်မလုပ်ဘဲ သဘောထားကြီးစွာအလျှော့ပေးဆောင်ရွက်ခဲ့တဲ့ သာဓကများစွာရှိခဲ့ပါတယ်။ ဒါဟာ လူကြီးလူကောင်းပီသမှု (Gentlemanship) ဖြစ်ပါတယ်။ လူကြီးလူကောင်းပီသမှုဆိုတဲ့အချက်ဟာ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ တရားဝင်စည်းမျဉ်းတွေထဲမှာမပါပါဘူး။ ဒါပေမယ့် ပူးပေါင်းဆောင်ရွက်မှုရဲ့အဆင့်တိုင်းမှာ လူကြီးလူကောင်းပီသမှု (Gentlemanship) ရှိနေတယ်ဆိုတာ အဖွဲ့ဝင်နိုင်ငံတွေအားလုံးကသိနေပါတယ်၊ ယုံကြည်နေကြပါတယ်။ ဒီယုံကြည်ချက်ဟာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ များစွာအရေးပါတာကိုတွေ့ရှိရပါတယ်။ ဒီလို ယုံကြည်ချက်တွေနဲ့ ဆောင်ရွက်ခဲ့ကြလို့လည်း မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ ဒီနေ့ဒီအချိန်မှာ အောင်မြင်မှုအရှိန်အဟုန်အမြင့်မားဆုံး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အဖြစ်နဲ့ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

### နိဂုံး

မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ စတင်တည်ထောင်ခဲ့တဲ့ ခြောက်နှစ်ကျော်ကာလအတွင်း အခြေခံအုတ်မြစ်ကောင်းတွေချမှတ်နိုင်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုဧရိယာများကို အရှိန်အဟုန်နဲ့ တိုးချဲ့နိုင်ခဲ့ပါတယ်။ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ အဖွဲ့ဝင်နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို တိုးမြှင့်ထိန်းသိမ်းနိုင်ရေးအတွက် အရင်းအမြစ်တစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ သာယာဝပြောရေးတို့အတွက် တူညီဆန္ဒ ပေါင်းစပ်နိုင်ခဲ့ခြင်း၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်ကို မြှင့်တင်ထိန်းသိမ်းလိုက်နာခြင်း၊ ယဉ်ကျေးမှုနဲ့ ပြည်သူအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုတွေ တိုးမြှင့်နိုင်ခဲ့ခြင်း၊ အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွေကို အထောက်အကူပြုနိုင်ခဲ့ခြင်းတို့ဟာ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ ခြောက်နှစ်တာကာလအတွင်း မျက်ဝါးထင်ထင်တွေ့မြင်ရတဲ့ ရလဒ်ကောင်းများပဲ ဖြစ်ပါတယ်။

မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ စန်းယကြေညာစာတမ်းမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံမူတွေနဲ့ထိန်းသိမ်းထားတဲ့ စည်းလုံးညီညွတ်မှု၊ ပြင်းပြတဲ့ မဲခေါင်–လန်ချန်း စိတ်ဓာတ်တွေကို အခြေခံပြီး မဲခေါင်–လန်ချန်းဒေသကို ငြိမ်းချမ်းသာယာဝပြောပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ အနာဂတ်ပိုင်ဆိုင်စေဖို့ စုပေါင်းအင်အားနဲ့ ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ယုံကြည်ပါကြောင်းတင်ပြရင်း ၂၀၂၂ ခုနှစ် မတ် ၂၃ ရက်နေ့မှာကျရောက်တဲ့ မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုအပ်ပါတယ်။ ။

## စလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ နှစ်ဆုံးစာမေးပွဲများ ဖြေဆိုပြီးစီး

**စလင်း မတ် ၂၃** – မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့်အလိုက် ကျောင်းတွင်းစစ်နှစ်ဆုံးစာမေးပွဲများကို မတ် ၁၇ ရက်မှစတင် ဖြေဆိုကြရာ ယနေ့တွင် ဘာသာရပ်အားလုံး အောင်မြင်စွာဖြေဆိုပြီးစီးကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်းရှိ ကျောင်းတွင်းစစ်နှစ်ဆုံးစာမေးပွဲများကို မူလတန်းအဆင့် သင်ရိုးသစ် နှစ်ဆုံးစစ်ဆေးခြင်းများနှင့် အခြေခံပညာအလယ်တန်းအဆင့် နှစ်ဆုံးစစ်ဆေးခြင်းများကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ တစ်ရက်လျှင် နှစ်ဘာသာနှုန်းဖြင့် စစ်ဆေးခဲ့ပြီး Grade–9 နှင့် အထက်တန်းအဆင့် စာမေးပွဲများကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် စလင်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၃၀၈ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအားလုံး၌သာ နှစ်ဆုံးစာမေးပွဲများကို အောင်မြင်စွာဖြေဆိုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
(ပြန်/ဆက်)

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ချေးငွေထုတ်ပေးရန် လျှောက်ထားသည့် ကုမ္ပဏီ/လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် (၂/၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ဆုံးဖြတ်ချက်အရ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/ လုပ်ငန်းများအနက် ပူးတွဲစာရင်းပါ ကုမ္ပဏီ/လုပ်ငန်း (၈၂) ခုသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။

၂။ ချေးငွေထုတ်ယူခွင့်ရရှိသူများအနေဖြင့် ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ**

**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများ**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁ | ဦးအောင်သန်းစိုး (လူ့ရွှင်တော်အဖွဲ့၊ တော်ဝင်ရွှေမောင်နှမ) | အခန်းအမှတ်-(၁/၂)၊ မြို့ဦးစေတီ၊ ဘုရားဝင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | ကိုတွတ် (နတ်ဒေဝါ) | ၁၁၉၃၊ အုတ်စီကန်လမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃ | လင်းလင်းထွန်း (နတ်ဒေဝါ) | အမှတ် (၃၇၄)၊ ကာယသုခလမ်း၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄ | ပစ်တိုင်းထောင် နတ်ဆိုင်း | အမှတ် (၆၈၅/ ခ)၊ ပုလဲငွေရောင် (၃) လမ်း၊ (၅၃) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅ | ရွှေကျွန်းပင် ဒေဝါဘုမ္မာ နတ်သဘင် | အမှတ် (၃၅)၊ ၂-လမ်းသွယ် (၁)၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆ | အောင်ဇာနည်ကျော် နတ်ဒေဝါ | အမှတ် (၃၆/ အေ)၊ စက်တွင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇ | ရန်ကုန် (ဒို့ခေတ် ဇာတ်ပဒေသာအဖွဲ့) | အမှတ် (၇)၊ ခိုင်ရွှေဝါလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈ | နွှေမ ကန္နားစီးဒေဝါ | အမှတ် (၄၁၉/ က)၊ အောင်မေတ္တာလမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉ | နိုင်စတင်း မင်္ဂလာဆိုင်း | အမှတ် (၁၈)၊ (၁) လမ်း၊ (၁၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀ | မဟာရန်ကုန်သား ပေါက်ကျော် | အမှတ် (၄၄၁)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁ | ဇော်ဇော်အောင် ကန္နားစီး | အမှတ် (၆၈/ က)၊ သန့်ဇင်လမ်းသွယ် (၁)၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂ | ရတနာစိုး ကန္နားစီးဒေဝါ | စ/ ၄၀၂၊ ဧယျာခေမာလမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၃ | တက္ကသိုလ် စွာကျယ်မလေး | ဓနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄ | အောင်မြမင်းနတ်ဆိုင်း | အမှတ် (၇၉၈)၊ သုဇာသာ (၁၀) လမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၅ | ဦးတင်ဝင်း ကန္နားစီးဒေဝါ | အမှတ် (၁၉၃)၊ သန္တာ (၁၁) လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၆ | အမေမြ ကန္နားစီးဒေဝါ | အမှတ် (၇/ ခ)၊ အနော်ရထာလမ်း၊ (၇၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၇ | ကောင်းကင် အိုး/ ဒိုး | အမှတ် (၃)၊ ဧယျာသိဒ္ဓိ (၁) လမ်း၊ (၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈ | ပတ္တမြားစတင်း မင်္ဂလာဆိုင်း | ရန်ကင်း (၃) လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၉ | မနော်မယဆောင်- မန်းဧယျာသား | အမှတ် (၇၇)၊ အောင်ချမ်းသာလမ်း၊ ကြူစမ်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၀ | တင်အောင်ကျော်- နတ်ဒေဝါ | အမှတ် (၁၀၄၁)၊စိုက်ပျိုးရေး ပဒေသာလမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၁ | ရွှေမြိုင်သန်းနတ်ဆိုင်း | ပိန္နဲကုန်းကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၂ | ရဲလင်းဗိုလ်နှင့် ပေါက်ကျော်မ မင်္ဂလာဆိုင်း | အမှတ် (၈၈)၊ အောင်မင်္ဂလာလမ်း၊တံတားကြီးရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၃ | နတ်ဒေဝါ | အမှတ် (၈၂)၊ တံတားကြီးရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၄ | ရွှေအလင်္ကာစိန်မင်းနိုင် (သမီး) ဝင့်သဥ္ဇာစတင်း | ဝဇီယာ (၁) လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၅ | အောင်ဝင်းဗိုလ် မင်္ဂလာဆိုင်းအဖွဲ့ | အမှတ် (၁၀၈၉)၊ (ဋ) ရပ်ကွက်၊ ဠ္ဌော (၇) လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၆ | ပိုင်ဟိန်းကျော် မင်္ဂလာဆိုင်း | အမှတ် (၁၀၁၁)၊ (င) ရပ်ကွက်၊ ဝဇီရာ (၇) လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၇ | ရန်ကုန်တက္ကသိုလ် ရဲမင်းသွေးအဖွဲ့ | အမှတ် (၂၉၉)၊ မာန်ပြေ (၇) လမ်း၊ အနောက် (၃) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၈ | ဟိန်းရာဇာနှင့် သားဟိန်းမေတ္တာ | တိုက် (၁၄)၊ အောင်ချမ်းသာလမ်း၊ (၅) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၉ | ရန်ကုန်ရှုဝံ မင်္ဂလာဆိုင်း | တိုက် (၁၂၃)၊ အခန်း (၂၀၂)၊ အောင်ချမ်းသာလမ်း၊ (၅) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၀ | မြတ်နိုးမောင် ကန္နားစီးဒေဝါ | အခန်း (၀၀၂)၊ တိုက် (၃၇) စီဘလောက်၊ (၁၂)လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၁ | ဦးအေးငွေး နတ်ဒေဝါ | အမှတ် (၁)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၂ | ဦးထိန်လင်း ကန္နားစီးဒေဝါ | အမှတ် (၆၂၄)၊ မြရတနာလမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃ | မြအေးကျော် နတ်ဆိုင်း | အမှတ် (၁၉၂)၊ (၄) လမ်း၊ သဘော်ကျင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၄ | နတ်ဒေဝါအဖွဲ့ | အမှတ် (၃၁)၊ အနောက်ဗဟိုလမ်း၊ ဆရာစံ နောက်/ မြောက် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၅ | စုပေါင်းအင်အား ပြည်ချစ်သား | အမှတ် (၂၅၂)၊ ကာယသုခလမ်း၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၆ | မြန်မာ့ရတနာ တေးဂီတ | အမှတ် (၅၇)၊ ၆ လွှာ (ဘီ)၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၇ | အောင်မင်းထိုက် နတ်ဒေဝါ | အမှတ် (၂၅၂)၊ ကာယသုခလမ်း၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၈ | သာသနာစောင့် နတ်မင်းကြီး (၄) ပါးဂိုဏ်း | အမှတ် (၂၆၉)၊ ကာယသုခလမ်း၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၉ | စွမ်းနိုင်မိုး ဇာတ်သဘင် | (၁၁/ မ) ရပ်ကွက်၊ ကျွန်းကလေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၀ | ကြယ်စင်အောင် နတ်ဆိုင်း | ကန်သာယာ (၁၂) လမ်း၊ ကွမ်းခြံရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၁ | ရွှေဂီတမောင်-အိုးဒိုး | မှန်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၂ | ရွှေဥသြ | ရန်ကင်း (၅) လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၃ | အကြင်နာမောင်- အိုး/ဒိုး | အမှတ် (၇၆၀/အေ)၊ မိုးစန္ဒာ (၅) လမ်း၊ (၂၆) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၄ | မိုးကြိုးငှက်ငယ်လေးများ | တိုက် (၅)၊ ပထမထပ်၊ အေ ဘလောက်၊ (၉) လမ်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၅ | နေလဝန်း အိုးဒိုး | ရန်ကင်း (၅) လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင် အခမဲ့ဖြန့်ဝေ

မိုးညို မတ် ၂၃

၂၀၂၂ခုနှစ် မတ် ၂၇ ရက်တွင် ရောက်ရှိမည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက် ၈ နာရီက မိုးညိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေးနှင့် ဈေးပတ်ဝန်းကျင်သွားလာနေသော ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးသည်။

လက်ကမ်းစာစောင်တွင် (၇၇) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ၊ မိန့်ခွန်းကောက်နုတ်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်များ၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးများ ပါဝင်သည်။ **မြို့နယ် (ပြန်/ဆက်)**

# သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



နေပြည်တော် မတ် ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)၌ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေးနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေးနှင့် Social Network အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် မအူပင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က လူငယ်နှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

အခမ်းအနားသို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်)မှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၃-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဇောဗျင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဟုဆိုရာဝယ်
- ၀၉:၃၀ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ(ဘောဂဗေဒဘာသာရပ်)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၆)နှစ်မြောက်နှစ်ပတ်လည်နေ့ဂုဏ်ပြု အစီအစဉ်
- ၁၂:၃၀ MRTV National News
- ၁၂:၅၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၁၆:၃၅ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ(ပထဝီဝင်ဘာသာရပ်)
- ၁၇:၁၅ မျက်မှောက်ရေးရာအပြာပြာ
- ၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ **'ရုပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၇)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **'အနောက်မြောက်ယွန်းယွန်းမှ သည်....တိမ်ယံဆီသို့'** (အပိုင်း-၁)
- ၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်'** (အပိုင်း-၁)

**mitv**

- 07:01 Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
- 07:29 Popa Trip
- 07:39 Insight Myanmar: Manuscription (Epi-2) Forgotten Illustrated Manuscripts
- 08:01 Discovering Tribes: Pre Kayaw (Their Life and Customs) (Part-2)
- 08:28 Healthy Diet: Balanced Diet
- 08:34 The Efficacy of Myanmar Traditional Medicine
- 09:01 News
- 09:27 Myanmar's Bamboo Hat
- 09:41 San Lin Tun (Winner) Lose2Win with Andy Season 2
- 09:57 An Ode To Love
- 10:02 Myanmar Cultural Heritage From Kyar Paing Village
- 10:10 Myanmar Traditional Identity (EP-2) Myanmar Chinthe (Myanmar Lio

**MRTV NRC**

**ဝကြောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ထူးခြားဆန်းပြားကရင်တူရိယာနှင့်တေးသံသာများ (အပိုင်း-၄)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စားလို့ကောင်းတဲ့ငှက်ပျောဖူးသုပ်

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်စကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နွေးထွေးသည့်လုမ်ဘန်းရွာသို့အလည်တစ်ခေါက် (အပိုင်း-၁)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အပိမြန်မာပြည်(အပိုင်း-၃)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ချစ်စရာ့မွန်ရိုးရာအိမ်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
အမျိုးသမီးတိုင်းကြိုတင်သိထားသင့်သောကင်ဆာရောဂါလက္ခဏာ(၁၀)မျိုး

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ပန်လုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လော်ဝေါ်ဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ယင်းတလဲတိုင်းရင်းသားနှင့်သမိုင်းဝင်စောလုံကျေးရွာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ အရွယ်ရောက်ပြီးသူတိုင်း မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံသားကတ်ပြုလုပ်စို့
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၀၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၃:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ရွေးကောက်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ကုန်ကြမ်းမှသည် ကုန်ချောဆီသို့
- ၀၆:၄၅ အနာဂတ်ရွှေရောင်လမ်းဆီဝင့်ထယ်စွာဖူးပွင့်လာမည့်ရောင်စုံပန်းလေးများရှင်သန်ရာဤကမ္ဘာ
- ၀၇:၁၀ ရေရှည်တည်တံ့သောပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်း
- ၀၈:၄၅ စစ်ကိုင်းမြေရဲ့စိုက်ခင်းများဆီသို့တစ်ခေါက်
- ၀၉:၁၅ ဝါသီးနှံကွင်းသရုပ်ပြပွဲအခမ်းအနား
- ၀၉:၅၀ ပဲပုပ်အကြောင်းသိကောင်းစရာ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဧပြီ ၁ ရက် မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၃-၂၀၂၂

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၂၀၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၃၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၂၀၃၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၃၂၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၀၀/၂၁၆၀ ကျပ် | ၂၁၅၀/၂၁၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၁၀/၂၁၇၅ ကျပ် | ၂၁၇၀/၂၂၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅/၂၀၄၅ ကျပ် | ၂၀၈၀/၂၀၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၅/၂၁၂၅ ကျပ် | ၂၂၁၀/၂၂၃၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၇၈၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၀၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၃၀ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၄၆ | ၃၆၈၀၀၀ |
| MTSH | ၂၈၀၀ | ၂၉၀၀ | ၂၇၅ | ၇၉၅၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၂၀ | ၃၇၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၅၀ | ၁၃၀၀၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၂၀ | ၅၃၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်း ကမ်းရိုးတန်းဒေသများရှိ ဒေသခံပြည်သူများ မုန်တိုင်းဘေးလွတ်ရာနေရာများသို့ ကူညီပြောင်းရွှေ့၊ လေဘေးသင့်ပြည်သူများနှင့် မုန်တိုင်းရှောင်ပြည်သူများကို သွားရောက်အားပေးစကားပြောကြားပြီး စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၂၃**

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းငယ်သည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မတ် ၂၀ ရက် ည ၉ နာရီခွဲ တိုင်းတာချက်များအရ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားပြီး မုန်တိုင်းလမ်းကြောင်းကျရောက်ရာ ဒေသများရှိ ပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင် အထူးသတိပြုနေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန် သတိပေးချက်များကို ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

## နေရာကွက်၍မိုးကြီး

အဆိုပါ မုန်တိုင်းငယ်သည် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းအနီး၌ လည်းကောင်း၊ မတ် ၂၂ ရက်နှင့် ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီးနှင့် ရခိုင်ကမ်းရိုးတန်းအနီးသို့ လည်းကောင်း ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး လက်ရှိအချိန်တွင် မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ရောဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်း၊ ချင်း၊ ရခိုင်၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာသွန်းမှုများရှိနေပြီး အချို့နေရာဒေသများတွင် နေရာကွက်၍ မိုးကြီးလျက်ရှိသည်။

သို့ဖြစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖြင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင် သတိပေးခြင်းများ၊ မုန်တိုင်းနှင့် သဘာဝအန္တရာယ် ကျရောက်ပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းများ၊ အရေးပေါ်ဖြစ်ပေါ်လာပါက စုဝေးရမည့် နေရာနှင့် လမ်းကြောင်းများ၊ ပြောင်းရွှေ့နေထိုင်ရမည့် အဆောက်အအုံ နေရာများအား ကြိုတင်ပြင်ဆင်ခြင်းများ၊ ဦးစားပေး ကယ်ဆယ်ရမည့်အုပ်စုများအား အရေးပေါ်အသက်ကယ်ဆယ်နည်းများဖြင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို စနစ်တကျ လမ်းညွှန် အသိပေးခြင်းများနှင့် အချိန်နှင့်တစ်ပြေးညီ သတင်းရယူပူးပေါင်း ဆောင်ရွက်နိုင်ရန် command center များ ဖွင့်လှစ်ထားပြီး တပ်မတော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၄ နာရီစုပေါင်းရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မုန်တိုင်းငယ်သည် အားကောင်းသည့် အဆင့်သို့ ရောက်ရှိလာ၍ မုန်တိုင်းဝင်ရောက်ချိန် နီးကပ်လာသောကြောင့် ကမ်းရိုးတန်းဒေသတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား မုန်တိုင်းဘေးလွတ်ရာနေရာများ၊ ကုန်းမြင့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကာ ညွှန်ကြားချက်များအတိုင်း လိုက်ပါဆောင်ရွက်ကြစေရေး သက်ဆိုင်ရာ အဖွဲ့များက တိုက်တွန်းနှိုးဆော်၍ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၂ ရက်တွင် စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်တို့ရှိ စုစုပေါင်း အိမ်ထောင်စု ၂၁၅၂ စုကို သက်ဆိုင်ရာ မြို့နယ်များအလိုက် ယာယီခိုလှုံရန် သတ်မှတ်ထားသည့် မုန်တိုင်းဒဏ်ခံ Cyclone Shelter အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ ဘေးကင်းစွာ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး သက်ဆိုင်ရာအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများ၏ အစီအစဉ်ဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ယာယီခိုလှုံနေထိုင်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ အသင့်စုပုံထားရှိကြောင်း သိရသည်။

## စားသောက်ဖွယ်ထောက်ပံ့

၎င်းအပြင် လပွတ္တာမြို့ ကိုးနဝင်း ကျောင်းတိုက်နှင့် လေးထပ်စာသင်တိုက်တို့တွင် ပြောင်းရွှေ့ထားရှိသော ကိုင်းတောင်ကျေးရွာ၊ ရေဝေကျေးရွာ၊ ရွှေကျွန်းသာကျေးရွာ၊ ကုက္ကိုလ်ကျေးရွာ၊ စွယ်တော်ကျေးရွာ၊ ကွင်းပေါက်ကျေးရွာနှင့် မန်ကျည်းကျောင်းကျေးရွာတို့မှ မုန်တိုင်းရှောင်ပြည်သူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။



လပွတ္တာမြို့နယ် သဃ်န်းကြီးကျေးရွာအုပ်စု ဇင်ရွဲကျေးရွာနှင့် သဃ်န်းကြီးကျေးရွာများရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံအဆောက်အအုံများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသော မုန်တိုင်းရှောင်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက စားသောက်ဖွယ်ရာများ၊ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

ယနေ့တွင်လည်း ရောဝတီတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဟင်္သာတ၊ ပန်းတနော်၊ ဒေးဒရဲ၊ ဖျာပုံ၊ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ ကွင်းကောက်၊ လေးမျက်နှာ၊ ဇလွန်နှင့် ကြံခင်းမြို့တို့ရှိ ကျေးရွာအချို့မှ ဘုရားစေတီများ၊ ပြည်သူ့ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ နေအိမ်များအား တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ လိုအပ်သည့် ကူညီရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများနှင့် လေဘေးသင့်ပြည်သူများအား ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သွားရောက်အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် လပွတ္တာမြို့နယ် သဃ်န်းကြီးကျေးရွာအုပ်စု၊ ဇင်ရွဲကျေးရွာနှင့် သဃ်န်းကြီးကျေးရွာတို့ရှိ ဘက်စုံမုန်တိုင်းဒဏ်ခံ အဆောက်အအုံများတွင်ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မုန်တိုင်းရှောင်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ၊ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်းနှင့် ဇင်ရွဲကျေးရွာနှင့် လှိုင်းဘုန်းကျေးရွာတို့မှ မုန်တိုင်းရှောင်ပြည်သူများအား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ မြစ်တွင်းသွားရေယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းအား ရွှေးမြစ်ရေတိုက်စားမှုမှ ကာကွယ်ထားရှိမှုနှင့် ရှောင်ကွင်းလမ်းအူကြောင်းဖောက်လုပ်နိုင်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ မုန်တိုင်းငယ်ဝင်ရောက်မှုကြောင့် ထိခိုက်ပျက်စီးမှုအနေဖြင့် မတ် ၂၂ ရက်တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာ၊ ဟင်္သာတ၊ ဘိုကလေး၊ သာပေါင်း၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်၊ ငပုတော၊ ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ၊ အင်္ဂပူ၊ မအူပင်မြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်တို့ရှိ လူနေအိမ်အချို့ အမိုးလန် ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

## ကြိုတင်ပြင်ဆင်ဆောင်ရွက်

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်၊ ရောဂါကပ်ဘေးအန္တရာယ်၊ အကြမ်းဖက်သမားအန္တရာယ် စသည့်ဘေးအန္တရာယ်အမျိုးမျိုးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူများ၏ ညီညွတ်သော ပူးပေါင်းလက်တွဲ ဆောင်ရွက်မှုများဖြင့် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်သည့် နည်းတူ ယနေ့ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကိုလည်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ညီညွတ်သော စွမ်းအားများဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို အနည်းဆုံး လျှော့ချနိုင်ရေး စနစ်တကျ ကြိုတင်ပြင်ဆင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လပွတ္တာမြို့နယ် သပြေကုန်းကျေးရွာအုပ်စု တောင်ကုန်းကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် တာဝန်ရှိသူများက လိုအပ်သော ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

## တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ မတ် ၂၂ ရက်က ကျောင်းသား ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့က လူငယ်ရေးရာ အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန်ဖြင့် ပြည့်စုံစေပြီး နောင်အနာဂတ်၏ နိုင်ငံ့သားကောင်း၊ သမီးကောင်းများစွာ ပေါ်ထွန်းစေရန်အတွက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရေး အကြောင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ခင်မျိုးဆွေတို့က ကျန်းမာရေးကဏ္ဍ၏ အရေးကြီးပုံနှင့် နွေရာသီကျောင်းပိတ်ရက်တွင် အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် မိမိတို့ဝါသနာပါရာအလိုက် သင်တန်းများကို တက်ရောက်နိုင်ကြောင်း ဟောပြောသည်။ **နိုင်ဝင်း(ပြန်/ဆက်)**



## ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မတ် ၂၃ ရက်က လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အားကစားမှူး ဒေါ်စောမာလာက နွေရာသီကျောင်းပိတ်ရက်ရောက်မည်ဖြစ်သဖြင့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ အရည်အချင်းပြည့်ဝမှု စသည့် ဘက်ပေါင်းစုံမှ အရည်အသွေးမြင့်မားစေရေးအတွက် နွေရာသီသင်တန်းများ တက်ရောက်ခြင်းဖြင့် အားလပ်ရက်ချိန်ကို အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သင်းသင်းအေးက လူငယ်နှင့်မျိုးချစ်စိတ်ကဏ္ဍခေါင်းစဉ်ဖြင့် နိုင်ငံ၏အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရေး အထူးလိုအပ်ကြောင်းနှင့် လူငယ်လူရွယ်များ စိတ်ဓာတ်ရေးရာ မြင့်မားပြီး မှန်ကန်သော လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းစေလိုကြောင်း ဟောပြောသည်။

**သင်းသင်းအေး(ပြန်/ဆက်)**



ကယားပြည်နယ် မယ်စဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌မတ် ၂၂ရက်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသောင်းက လူငယ်နှင့်အားလပ်ချိန် အသုံးချမှုကဏ္ဍခေါင်းစဉ်ဖြင့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ အရည်အချင်းပြည့်ဝမှုစသည့်ဘက်ပေါင်းစုံမှ အရည်အသွေးမြင့်မားစေရေးအတွက် နွေရာသီသင်တန်းများ တက်ရောက်ခြင်းဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချစေလိုကြောင်း ပြောကြားစဉ်။

ဝတ်ရည်(ပြန်/ဆက်)

## သန်လျင်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက်က သန်လျင် မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့် ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်းက "အားကစားစိတ်ဓာတ်မြင့်မားရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက "အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးဘသန်းက "စိတ်ဓာတ်ကောင်းများ ဖြစ်ထွန်းရေး၊ စည်းကမ်းလိုက်နာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## မှော်ဘီ

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ မတ် ၂၃ ရက်က လူငယ်ရေးရာ ဟောပြောပွဲပြုလုပ်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသင်းမာလာက စိတ်ဓာတ်ကောင်းများ ဖြစ်ထွန်းရေးနှင့် စည်းကမ်းလိုက်နာရေးအကြောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးအေးခိုင်က အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်အကြောင်းနှင့် ခရိုင်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဦးခိုင်က စိတ်ဓာတ်မြင့်မားရေးအကြောင်းတို့ကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူ ၃၈၀ ကျော်တို့ကို ပညာပေးဟောပြောသည်။

ဟောပြောပွဲ၌ (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်များပြသခြင်းနှင့် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## သဲကုန်း

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂၃ ရက်က လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော လူကောင်းလူတော်များ ပေါ်ထွက်ရေး ဟောပြောပြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကိုပခုံးပြောင်းတာဝန်ယူကြရမည့်သူများအနေဖြင့် ဗလငါးတန်ပြည့်စုံစေရန် လူငယ်နှင့်ရည်မှန်းချက်၊စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြရန်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊လူငယ်နှင့်ကျန်းမာရေး၊လူငယ်နှင့်ကြီးပွားရေး၊မျိုးချစ်စိတ်ရှင်သန်ရေးရှိကြစေရန် ဟောပြောကာ၊အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းက လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **မြို့နယ်(ပြန်/ဆက်)**





## လဟယ်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ မတ် ၂၂ ရက် နံနက်ပိုင်းက လဟယ်မြို့ အထက်တန်းကျောင်း ချယ်ရီမြိုင်ခန်းမ၌ ကျင်းပသည့် အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးခေါင်းစဉ်ဖြင့် ဟောပြောပွဲတွင် မြို့နယ်အခြေခံပညာဦးစီးဌာနမှ အလယ်တန်းပြဆရာ ဦးစန်းယု ဟောပြောစဉ်။

ယွန်း(မုံရွာ၊ ကိုယ်ပွား)

## ရမည်းသင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ်(၅) မြို့မအခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂၃ ရက်က လူငယ်ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်အဖြစ် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူး ဒေါက်တာသက်လှစုက စိတ်ဓာတ်စည်းကမ်းအရင်းတည် သာယာသောလူ့ဘောင်ဆီ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ပြည့်စုံစေပြီး အနာဂတ်၏ နိုင်ငံ့သားကောင်း၊ သမီးကောင်းများစွာ ပေါ်ထွန်းစေရန်အတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရေးကိုလည်းကောင်း ဟောပြောသည်။ **ဇော်ဝင်းအောင်(ပြန်/ဆက်)**

## ရွှေတောင်

ရွှေတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ သရက်တောကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စောက "လူငယ်နှင့် စည်းကမ်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က "လူငယ်နှင့်စာရိတ္တ"ဆိုသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နုနုဖြိုးက "လူငယ်နှင့် အားကစား"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသပြီး (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ မတ် ၂၃ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ပြုလုပ်သည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က လူငယ် နှင့် ရည်မှန်းချက်၊ လူငယ်နှင့်အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းတို့ကို အသိပညာပေး ဟောပြောစဉ်။

စိုင်းအယ်ဘဲ

# မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်ရာ လူနေအိမ်ခြေအချို့ ပျက်စီး

## ဘိုကလေး

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မတ် ၂၂ ရက် ညနေ ၅ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ချောင်းဖြဲကြီးကျေးရွာအုပ်စုမှ လူနေအိမ်နှစ်လုံးနှင့် အေရာကျေးရွာအုပ်စုမှ လူနေအိမ်လေးလုံး ပျက်စီးဆုံးရှုံးခဲ့သည်။

ပျက်စီးဆုံးရှုံးမှုများမှာ ချောင်းဖြဲကြီးကျေးရွာအုပ်စု ဇီးဖြူကျေးရွာမှ နေအိမ်နှစ်လုံးနှင့် အေရာကျေးရွာအုပ်စု အေရာကျေးရွာမှ နေအိမ်လေးလုံး စုစုပေါင်း ခြောက်လုံးပျက်စီးဆုံးရှုံးခဲ့ပြီး အဆိုပါအိမ်များမှ မိသားစုဝင်များသည် ယခုအချိန်၌ ၎င်းတို့ကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများတွင် နေထိုင်လျက်ရှိသည်။

အဆိုပါ လေဘေးသင့်နေအိမ်များ အမြန်ပြန်လည်တည်ဆောက်နိုင်ရေး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ခံများမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဘေးသင့်မိသားစုဝင်များအား ကူညီထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



## ဒေးဒရဲ

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် လေပြင်းတိုက်ခတ်၍ ရေလှိုင်းရိုက်ခတ်မှုကြောင့် မတ် ၂၂ ရက် နံနက် ၁၁နာရီခွဲက တိုးကျေးရွာနှင့် ဆားကျင်းကျေးရွာတို့ရှိ လူနေတဲအိမ်အချို့ အမိုးလန်ပျက်စီးခဲ့ ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် တိုးကျေးရွာအုပ်စု ပင်လယ်ကမ်းစပ်တစ်လျှောက်ရှိ လူနေတဲအိမ် နှစ်လုံး ပြိုကျပျက်စီးကာ အခြားလူနေတဲအိမ် ၁၂ လုံး အမိုးလန်ပျက်စီးခဲ့သည်။ အလားတူ ဆားကျင်းကျေးရွာတွင် ခနိမိုး၊ ခနိကာ၊ ဝါးခင်း လူနေတဲအိမ် ၁၅ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အေဇာလင်း**

## ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် သမက်ပြေလေးကျေးရွာတွင် မတ် ၂၂ ရက် ညနေ ၅ နာရီခန့်က မိုးရွာသွန်းပြီး လေတိုက်ခတ်သဖြင့် အုန်းပင်လဲကျမှုကြောင့် ဒေါ်ခင်မာရီ၏ ခနိမိုး၊ ခနိကာ၊ ဝါးခင်း နေအိမ်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်ရှိ အမျိုးသမီးတစ်ဦး၊ အမျိုးသား နှစ်ဦး စုစုပေါင်း သုံးဦးတို့အား ဆွေမျိုးနေအိမ်တွင် ယာယီနေရာချထားပေးကာ ၎င်းတို့၏ နေထိုင်စားသောက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေပြည့်အော်ကျေးရွာ၌ မတ် ၂၂ ရက် ညနေ ၃ နာရီခွဲက လေပြင်းများတိုက်ခတ်၍ ပင်လယ်ရေလှိုင်းများရိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံး ပြိုကျပျက်စီးမှု ဖြစ်ပွားသည်။

ပင်လယ်ရေလှိုင်းများ ရိုက်ခတ်မှုကြောင့် ကျေးရွာကမ်းနားပိုင်းနေ ဒေါ်စိုးစိုးမိုး (၃၆နှစ်)၏ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ပြီး အဆိုပါ ဘေးသင့်နေအိမ်မှ မိသားစုဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်းငါးဦးတို့သည် ရေပြည့်အော်ကျေးရွာ တာဝန်ခံ ဦးသန်းနိုင်၏ နေအိမ်၌ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ငါးသိုင်းချောင်း

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ကမ်းဘေးရှိ ကွင်းပေါက်ကျေးရွာ၌ မတ် ၂၃ရက် နံနက် ၈ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

လတ်တလောအခြေအနေတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက အဆိုပါ ဘေးသင့်အိမ်ထောင်စုမှ မိသားစုဝင် ငါးဦးအား လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်၍ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်သို့ ယာယီပြောင်းရွှေ့နေရာချထားပေးထားကြောင်း သိရသည်။

အလားတူ ငါးသိုင်းချောင်းမြို့ ကွင်းကြီးကျေးရွာ၌ မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအတွင်းရှိ အင်ဖက်မိုး၊ အင်ဖက်ကာ၊ ဝါးတိုင်၊ ဝါးခင်း နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက အဆိုပါ နေအိမ်ပြိုပျက် အိမ်ထောင်စုတစ်စုရှိမိသားစုဝင်လေးဦးအား ဝိုင်းဝန်းကူညီ၍ နီးစပ်ရာဆွေမျိုးသားချင်းများ၏ ခြံအလွတ်အတွင်း ယာယီပြောင်းရွှေ့ နေရာချထားပေးထားကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ငပုတော

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဒီးဒူးကုန်းကျေးရွာအုပ်စု မေဒါအိုင်ကျေးရွာ၌ မတ် ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒီးဒူးကုန်း၏ ကျေးရွာရှိ လူနေအိမ်တစ်လုံးမှာ အမိုးလန်ခြင်း၊ မေဒါအိုင်ကျေးရွာရှိ လူနေအိမ် နှစ်လုံး ပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

လတ်တလောအခြေအနေတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ရွာသူရွာသားများက အဆိုပါနေအိမ်ပြိုကျ ပျက်စီးသွားသည့် အိမ်ထောင်စုသုံးစုရှိ မိသားစုဝင် ၁၀ ဦးတို့အား ဝိုင်းဝန်းကူညီ၍ နီးစပ်ရာဆွေမျိုးသားချင်းများ၏ နေအိမ်များတွင်ယာယီပြောင်းရွှေ့နေရာချထားပေးထားကြောင်းသိရှိရပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**နုနုအေး(ပြန်/ဆက်)**

## ရေကြည်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာအုပ်စု ကွင်းပေါက်ပိုင်းတွင် မတ် ၂၃ ရက် နံနက် ၈ နာရီက လေပြင်းတိုက်ခတ်သဖြင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးကြောင်း သိရသည်။

အားကောင်းသည့်မုန်တိုင်းအရှိန်ကြောင့် ရေကြည်မြို့နယ်တွင် မတ် ၂၂ ရက် နံနက် ၈ နာရီမှစတင်ကာ လေပြင်းတိုက်ခတ် မိုးရွာသွန်းသဖြင့် ဦးမျိုးအောင်နှင့် မိသားစုဝင် ငါးဦးနေထိုင်ကြသည့် နေအိမ်တစ်လုံးပြိုကျပျက်စီးခဲ့သဖြင့် တစ်ရွာတည်းနေ ဦးဖိုးပြဲ၏ နေအိမ်သို့ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

အလားတူ ကွင်းလျားကျေးရွာအုပ်စု ရေကျော်ပိုင်း ကရင်တောရိုးနားတွင် မတ် ၂၃ ရက် နံနက် ၉ နာရီက ငဝန်မြစ်ကမ်းပါး အလျားပေ ၃၀၊ အနံထု ၁၈ ပေခန့်ပြိုကျမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**



## မုန်တိုင်း ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၃။ အိမ်၏ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိမရှိ စစ်ဆေးပါ။



၄။ သန့်ရှင်းသောသောက်သုံးရေ(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



# သထုံမြို့နယ်တွင် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

သထုံမြို့နယ်တွင် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် သွားကားလမ်းမိုင်တိုင်အမှတ်(၁၄၅/၆) အနီးတွင် ပဲခူးမှ မော်လမြိုင်သို့ ရဲဝင်းအောင်(၃၀)နှစ် မောင်းနှင်ပြီး အောင်ဇေဦး(ခ)ကိုဦး(၂၃)နှစ် လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်နှင့် တာဝန်ခံသယ်ဆောင်သူ သည့် Suzuki swift မော်တော်ဇော်ဇော်(၃၉)နှစ် မောင်းနှင်လာ ယာဉ်နှစ်စီးတို့ကို သတင်းအရရှာဖွေရာ ၂၂ ဘီးတွဲယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၁၂၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကရင်ပြည်နယ် မြဝတီ၊ မြန်မာ-ထိုင်းနယ်စပ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ရဲဝင်းအောင်၊ အောင်ဇေဦး(ခ)ကိုဦးနှင့် ဇော်ဇော်တို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက် (သောကြာနေ့)သည် “ဘဏ်ပိတ်ရက်” ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မတ် ၂၃**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၉)ကို မတ် ၂၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေဖြူဖြူတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၂၅၊ ၂၆၊ ၂၇ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ရွှေကူကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ်တန် ၂ ဒသမ ၉၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၁၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ် နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၃၃၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ကျွန်းမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့တွင် တရားမဝင် သစ်မျိုးစုံ ၇ ဒသမ ၃၁၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၈၆၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဆပ်ပြာမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

၎င်းအပြင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော တရားမဝင် ရေစုပ်စက်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) နှင့်ကိုက်ညီမှု မရှိသော တရားမဝင် သန့်စင်ခန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၇၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်၍ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၃၄ ဒသမ ၃၄၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၈၄၇၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၉၇၆၁၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# “ဟားစတိုင်လ်ရဲ့ အောင်ပွဲအငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၂၃**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ“ဟားစတိုင်လ်ရဲ့ အောင်ပွဲအငြိမ့်” ဖျော်ဖြေပွဲကို မတ် ၂၆ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။




ယင်းဖျော်ဖြေမှုကို လူရွှင်တော် စတားကောင်းထက် စီစဉ်ပြီး မဟာရန်ကုန် အောင်စည်မိုး ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဝိုင်းကြာဖြူ၊ ရှေ့ထွက်မင်းသမီး အေးသဥ္ဇာထွန်း၊ လူရွှင်တော်များဖြစ်ကြသည့် စတားကောင်းထက်၊ ကောင်းမွန်၊ ဖြိုးဖြိုးနှင့် ဖြူဖွေးတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ် အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “ မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း ” MRTV Orchestra ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၂၃**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ “ မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း ” MRTV Orchestra ဖျော်ဖြေပွဲကို မတ် ၂၅ ရက် (သောကြာနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။




ယင်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သံစုံတီးဝိုင်း (MRTV Orchestra) နှင့်အတူ ခေတ်ပေါ်တီးဝိုင်းနှင့် မြန်မာ့ဆိုင်းဝိုင်းကြီးတို့၏ ပါဝင်တီးခတ်မှုဖြင့် တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ရဲရင့်ဝေလွင်၊ ကြူကြူခိုင်၊ သဒ္ဒါဖြူ၊ ဘုန်းသစ်၊ မြနန္ဒာ၊ ဘိုမ၊ ရဲဝင့်လှိုင်၊ အိမ့်သရဖူနှင့် သီရိစံတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့၊ ကျုံးပတ်လည် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စတုဒီသာ(ရေကစား)မဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စတုဒီသာ(ရေကစား)မဏ္ဍပ်များကို ၂၆လမ်း၊ ၆၆လမ်းမှ၇၃လမ်းထိ ရေကစားမဏ္ဍပ်(၇)နေရာ၏ကြားတွင် (ပေ၂၀×၁၂ပေ)အကျယ် မဏ္ဍပ်များအား နေရာချထားပေးသွားမည်ဖြစ်ပါသည်။

၂။ စတုဒီသာမဏ္ဍပ်များကို ဦးရာလူစနစ်ဖြင့် လျှောက်လွှာများအား ( ၂၅- ၃ -၂၀၂၂)ရက်မှ စတင်လက်ခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေပက်ကစားခွင့်ရရှိသူများ လိုက်နာရန် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၆လမ်း၊၆၆လမ်းမှ၇၃လမ်းထိ စတုဒီသာ(ရေကစား)မဏ္ဍပ်များအရွယ်အစားမှာ (၂၀'×၁၂')စတိတ်စင်အမြင့်အား ပီပါပြတ်တစ်ခုအမြင့်အထိ ခွင့်ပြုလိုသဖြင့် အမြင့် ၃'၊ နောက်ခံအမြင့် ၆' ၊ စုစုပေါင်း ၉' သတ်မှတ်ပုံစံအတိုင်း ဆောက်လုပ်ရမည်။

(ခ) ခွင့်ပြုချက်မရဘဲ မြို့ရေပေးရေး၊ မီးသတ်ပိုက်ခေါင်းများမှ ရေထုတ်ယူ၍ ရေမကစားရ။ ရေစုပ်စက်ဖြင့် ရေပက်ကစားခြင်း ခွင့်မပြု။

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီသော လောင်းလှေ၊ စဉ့်အိုး၊ရေစည်များ ချထား၍ ဖလားဖြင့်သာ ရေပက်ကစားရမည်။

(ဃ) မိမိမဏ္ဍပ်တွင် တိုင်းရင်းသားရိုးရာဓလေ့နှင့်ဆန့်ကျင်သည့် မည်သည့်အပြင်အဆင် မျှခွင့်မပြု။

(င) မဏ္ဍပ် Stage ပေါ်တွင် တီးဝိုင်း၊ DJ စက်များ (လုံး၀)ခွင့်မပြုပါ။တေးသီချင်း သီးသန့်သာဖွင့်ခွင့်ပြုသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## မန္တလေးမြို့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တွင်းသင်္ကြန်ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ မန္တလေးမြို့၊(၆)မြို့နယ်ရှိ ရပ်ကွက်များအတွင်း သင်္ကြန်ရေကစားမဏ္ဍပ်များ လျှောက်ထားပါက ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသို့ လျှောက်လွှာများ (၇-၄-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ (၂၅-၃-၂၀၂၂) ရက်နေ့မှစ၍ လျှောက်လွှာနှင့်စည်းကမ်းချက်များကို လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်-

(က) လျှောက်ထားသူအမည်၊ မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်

(ခ) လျှောက်ထားလိုသည့်နေရာ

(ဂ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အမည်ပြောင်း

မောင်သန်းလှဦး ၈/ကမန(နိုင်)၀၄၂၉၇၀၏သား သရက်ခရိုင်၊ ကံမမြို့ အထက န၀မတန်း (B)မှ မောင်ဖြိုးဇော် သိန်းအား မောင်ဖြိုးမင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖြိုးမင်းခန့်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၃၇၈၉၅ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းအောင် ၅/မမတ(နိုင်)၀၈၈၇၃၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ဒေါ်ဥမရား(ခ)ဒေါ်ဇင်မာအောင် ၁၂/ကတတ(နိုင်) ၀၀၈၁၈၂နှင့် ဒေါ်ဂရစ်ရှနားဝင်းနီ ၁၂/ကတတ(နိုင်)၀၁၃၂၁၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၃၄)လမ်း(အလယ်)၊ အမှတ်(၁၃၇)၊ ဒုတိယထပ်တိုက်ခန်းတွင် လက်ရှိထားနေထိုင်ခဲ့သူ ဒေါ်ဆူပါမား ၁၂/ကတတ(ပြု)၀၀၀၈၅၂မှာ (၁၀-၅-၂၀၂၁)ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးနောက် ၎င်းမကွယ်လွန်မီပြောဆိုအပ်နှံထားချက်အရ အထက်ပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေများမှ ပစ္စည်းထိန်းများအဖြစ် ပူးတွဲထိန်းသိမ်းထားရှိခဲ့ရာ ၎င်း၏သမီးဖြစ်သူ ဒေါ်စူစီးလား(ခ)Muniyathar @ Siti Aminah Binti(KTDA-04611)(U.S citizenship No.010-41-1364)က ကွယ်လွန်သူ မိခင်ဒေါ်ဆူပါမားလက်ရှိထားနေထိုင်ခဲ့သည့်အထက်အပိုဒ်(၁)ပါတိုက်ခန်းအား ၎င်းတစ်ဦးတည်း တရားဝင် ဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာလျက် ၎င်း၏လက်ဝယ်သို့လွှဲပြောင်းပေးရန် ကျွန်ုပ်၏မိတ်ဆွေများ ထံတောင်းဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှလည်း ဒေါ်စူစီးလားထံမှ (၁၄-၁-၂၀၂၂)ရက်စွဲပါ အမေရိကန်နိုင်ငံ၊ Arizona ပြည်နယ်၏ နိုတ်ြီ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦး Mamed Yacoob (ခ)ဦးအေးလွင် ၁၂/ပဇတ(နိုင်) ၀၄၀၃၆၇ထံ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါလွှဲပြောင်းပေးအပ်မည့်အထက်အပိုဒ် (၁)ပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်(သို့) ဆက်ခံခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ပါ တိုက်ခန်းအား လွှဲပြောင်းပေးမည့်ကိစ္စကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မျိုးသူ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၆၂)
ရုံး- အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၁၃၂၂၇၆၊ ၀၉-၇၉၈၄၅၃၇၂၇
Email:aungmyo.1122jul@gmail.com

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၂၄

| | | |
|---|---|---|
| ဦးလှအောင် | နှင့် | ဦးမာခင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ထထ-၇နေ ဦးမာခင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှအောင်က အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၃၁ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ဖြူသွယ်အောင်)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ဗိုလ်မှူးအောင်သိမ်းနှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၅)ရှိ အကွက် အမှတ်-၄၉၊ အကွက်အမည်-မူလတန်းကျောင်းရှေ့၊ မြေကွက်/ဦးပိုင် အမှတ်-၁၊ ဧရိယာ ၀ဒသမ၁၀၇ဧကေ၊ ဂရန်အမှုတွဲအမှတ် (၃၀၀၉/၁၉၉၁) ဗိုလ်မှူးအောင်သိမ်းအမည်ပေါက်မြေကွက် ဥပစာအား ဒေါ်အေးအေး ဝင်း ၈/မထန(နိုင်)၀၀၀၁၇၆က ဝယ်ယူလက်ရောက်ရရှိထားပါသည်။ အဆိုပါမြေကွက်ဥပစာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှတ်ပုံတင် စာချုပ် ပြုလုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လိုသော်လည်း ဗိုလ်မှူးအောင်သိမ်းအား ယနေ့ထိတိုင် ဆက်သွယ်၍မရပါ။ ထို့ကြောင့်အထက်ပါမြေကွက်ဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင် စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၈၄၃၃/၂-၁၀-၂၀၁၂)**
**အမှတ် (၅၂)၊ စံပါယ်လမ်း၊ နယ်မြေ (၂)၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့**

## ဒုဗိုလ်မှူးကြီးမင်းဆွေနှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၅)ရှိ အကွက် အမှတ်(၄၉)၊ အကွက်အမည် မူလတန်းကျောင်းရှေ့၊ မြေကွက်/ဦးပိုင် အမှတ် ၁၈၊ ဧရိယာ(၀ဒသမ၁၁၂)ဧကေ၊ ဂရန်အမှုတွဲအမှတ် (၂၆၉၉/၁၉၉၁) ဒုဗိုလ်မှူးကြီးမင်းဆွေအမည်ပေါက်မြေကွက် ဥပစာအား ဦးအောင်လင်း ဝင်း ၅/မကန(နိုင်)၀၃၄၀၇၈က ဝယ်ယူလက်ရောက်ရရှိထားပါသည်။ အဆိုပါမြေကွက်ဥပစာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများဆောင်ရွက် လိုသော်လည်း ဒုဗိုလ်မှူးကြီးမင်းဆွေအား ယနေ့ထိတိုင် ဆက်သွယ်၍ မရပါ။ ထို့ကြောင့်အထက်ပါ မြေကွက်ဥပစာနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထား များဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ ထို ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းကို ဆောင်ရွက်သွား မည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်လင်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၈၄၃၃/၂-၁၀-၂၀၁၂)**
**အမှတ်(၅၂)၊ စံပါယ်လမ်း၊ နယ်မြေ(၂)၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့**

## ဦးစိုင်းအောင်မြင့်နှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၅)ရှိ အကွက် အမှတ်-၄၉၊ အကွက်အမည်-မူလတန်းကျောင်းရှေ့ မြေကွက်/ဦးပိုင် အမှတ်-၁၃၊ ဧရိယာ ၀ဒသမ၁၀၂ဧကေ၊ ဂရန်အမှုတွဲအမှတ် (၂၅၃/၁၉၉၅) ဦးစိုင်းအောင်မြင့် အမည်ပေါက်မြေကွက် ဥပစာအား ဒေါ်အေးအေးဝင်း ၈/မထန(နိုင်)၀၀၀၁၇၆က ဝယ်ယူလက်ရောက်ရရှိထားပါသည်။ အဆိုပါ မြေကွက်ဥပစာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ် ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လိုသော် လည်း ဦးစိုင်းအောင်မြင့်အား ယနေ့ထိတိုင် ဆက်သွယ်၍မရပါ။ ထို့ကြောင့် အထက်ပါမြေကွက်ဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆို ခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၈၄၃၃/၂-၁၀-၂၀၁၂)**
**အမှတ် (၅၂)၊ စံပါယ်လမ်း၊ နယ်မြေ (၂)၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
## မြ၀တီခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

| | | |
|---|---|---|
| ဒေါ်ယမုံဖြိုး | နှင့် | တပ်သားသက်ရှည်(ငြိမ်း) |
| **တရားလို** | | **တရားပြိုင်** |

မြ၀တီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြ၀တီမြို့မရဲစခန်းဝင်းအတွင်း နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ)တပ်သား သက်ရှည် (ငြိမ်း)သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြ၀တီခရိုင်၊ မြ၀တီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့မ၊ ကျွန်းတော၊ ဦးပိုင်အမှတ်(၉၆)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကေ၊ ပေ(၄၀x၆၀)ကျယ်ဝန်းသော မြေကွက်ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဧပြီလ ၄ရက် (၁၃၈၃ခုနှစ် တန်ခူးလဆန်း ၄ ရက်) (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါ တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် မြ၀တီခရိုင်တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်ရက်တွင် လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် အပ်နှံ၍ ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ်လ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်ဝင်းစိုး)
ဒုတိယခရိုင်တရားသူကြီး
မြ၀တီခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၅

| | | |
|---|---|---|
| ဦးကိုကိုနိုင် | နှင့် | ဦးမြသောင်း |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးမြို့၊ ကျိုက်ပေါရပ်ကွက်၊ ကံကြီးလမ်း၊ အမှတ် (၂၃၃၉)နေ ဦးမြသောင်း (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။ သင့်အပေါ်၌ တရားလို ဦးကိုကိုနိုင်မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (သုခဒီပရပ်)၊ လူနေရပ်ကွက်အမှတ် (ပုဗ္ဗသီရိရပ်ကွက်)၊ မြေကွက်အမှတ် (၂၁၆၀၈)၊ အလျားပေ ၆၀xအနံပေ ၈၀၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ နှစ် ၃၀ ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၃၁ရက် (၁၃၈၃ ခုနှစ်၊ တပေါင်း လကွယ်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရတနာရွှေရည်ဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး-၂
ပုဗ္ဗသီရိမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၁)၊ စက်မှုလယ်ယာ(၂)လမ်း၊ ဦးရဲထွန်းဝင်း၁၂/ကတတ(နိုင်)၀၀၀၀၃၃၊ နှစ်(၆၀)ဂရန်အမည်ပေါက်ထံမှ ဧရိယာ ပေ (၄၀x၆၀)အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် ဧရိယာ ပေ(၂၀ x ၆၀)(ခေါင်းရင်းခြမ်း)ဂရန်မိတ္တူ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးကို ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမျိုးခိုင်ထံမှ ဆက်စပ်စာချုပ်များနှင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဝေမြင့် ၁၂/ဒဂတ(နိုင်)၀၆၆၆၅၇ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စုရည်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ဦးကျော်ဝေနှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၅)ရှိ အကွက် အမှတ်-၃၄၊ အကွက်အမည်-မူလတန်းကျောင်း၊ မြေကွက်/ဦးပိုင်အမှတ်-၁၃၂၊ ဧရိယာ ၀ဒသမ၁၁၄ဧကေ၊ ဂရန်အမှုတွဲအမှတ် (၁၀၇၃/၁၉၉၂) ဦးကျော်ဝေအမည်ပေါက်မြေကွက်ဥပစာအား ဒေါ်အေးအေးဝင်း ၈/မထန(နိုင်)၀၀၀၁၇၆က ဝယ်ယူလက်ရောက်ရရှိထားပါသည်။ အဆိုပါမြေကွက် ဥပစာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆို ခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လိုသော်လည်း ဦးကျော်ဝေအား ယနေ့ထိတိုင် ဆက်သွယ်၍မရပါ။ ထို့ကြောင့် အထက်ပါ မြေကွက်ဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော် လွန်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ ဂရန် အမည်ပြောင်း ဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၈၄၃၃/၂-၁၀-၂၀၁၂)**
**အမှတ် (၅၂)၊ စပါယ်လမ်း၊ နယ်မြေ (၂)၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့**

## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ကျုံးရေကို ရေစုပ်စက်ဖြင့် ရေပက်ကစားခွင့်ပြုခြင်းနှင့်လိုက်နာရန်စည်းကမ်းချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ကာလအတွင်း ကျုံးအနောက်တက်လမ်း၈၀၊ ၁၂လမ်းနှင့်၂၅လမ်းကြားအတွင်း ကျုံးရေအား ရေစုပ်စက်ဖြင့် ရေပက်ကစားခွင့်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အခွန်ဌာနတွင် (၂၅-၃-၂၀၂၂)ရက်မှ(၇-၄-၂၀၂၂) ရက်နေ့ထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်၍ ရေကစားခွင့်အတွက် ငွေကျပ် ၂၀၀၀၀၀/-(ကျပ်နှစ်သိန်းတိတိ)နှင့်အာမခံစပေါ်ငွေကျပ် ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)၊ စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀/-(ကျပ်နှစ်သိန်းငါးသောင်း တိတိ) ပေးသွင်းရမည်ဖြစ်ပြီး ရေကစားခွင့်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ ရေပက်ကစားခွင့်ရရှိသူများ လိုက်နာရန် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခွင့်ပြုချက်ရရှိသော ရေကစားမည့်သူများသည် အချင်း(၂)လက်မ (2'Suction) ရေစုပ်စက်ဖြင့်သာ ရေပက်ကစားခွင့် ခွင့်ပြုပြီး အနည်းဆုံးပိုက်(၅)ခု ခွဲထွက်ရမည်။

(ခ) ပိုက်ခွဲများတွင် မီးသတ်ပိုက်ခေါင်းတပ်ဆင်၍ ရေပက်ကစားခြင်း လုံးဝခွင့်မပြု၊ လေအိုးသုံးရေပိုက်များဖြင့် ရေပက်ကစားခြင်း ခွင့်မပြု။

(ဂ) ရေအားပြင်းထန်သည့် နော်ဇယ် ရေပိုက်ခေါင်းတပ်ဆင်၍ ရေပက်ကစားခြင်းခွင့်မပြု။

(ဃ) ခွင့်ပြုမိန့်ရရှိသော်လည်း မော်တော်ကားပေါ်တွင် ရေစုပ်စက်တင်၍ ရေပက်ကစားခြင်းခွင့်မပြု။

(င) မီးသတ်ငုတ်(Fire Hydrant) များမှ ရေကိုအသုံးပြု၍ ရေပက်ကစားခြင်းလုံးဝ(လုံးဝ) ခွင့်မပြု။

(စ) မိမိ၏ရေစုပ်စက်ကြောင့် ကျုံးသံပန်းများ၊သစ်ပင်များအား ပျက်စီးခြင်း မရှိစေရ။

(ဆ) ရေပက်ကစားရာတွင် နံနက်(၈း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအထိနှင့် ညနေ(၃း၀၀)နာရီမှညနေ(၆း၀၀)နာရီအချိန်အတွင်း၌သာ ရေပက်ကစားရမည်။

(ဇ) အာမခံစပေါ်ငွေကျပ် ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)အား (၁၈-၄-၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည်။

၂။ ခွင့်ပြုချက်မရရှိဘဲ ရေပက်ကစားခြင်းကို တွေ့ရှိပါက ဒဏ်ငွေကျပ် ၅၀၀၀၀၀/-(ကျပ်ငါးသိန်းတိတိ) ပေးဆောင်ရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့၊ အထက(၂) Grade VI(A)မှ မောင်နေဝန်းသစ်၏ ဖခင်ဦးလင်းဘိုဘို၏ အမည်မှန်မှာ ဦးဘိုဘို ၁၂/ဒဂတ ( နိုင်) ၁၀၈၆၇၀ဖြစ်ပါကြောင်း။

**ဦးဘိုဘို**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၈၈၅၁ Honda Wave-110 ဆိုင်ကယ် ယာဉ်လက် ဝယ်ရှိသူ ဦးခင်ကျော် ၆/ထဝန(နိုင်)၀၃၁၃၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/2472 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

---

## တစ်ဦးတည်းဖြစ်ကြောင်း

သံဖြူဇရပ်မြို့၊ ဝဲဝင်ကရာကျေးရွာနေ ဦးခင်မောင်ရင်၏သမီး ဒေါ်အေးမူ(ခ) ဒေါ်နန်းစော ၁၀/သဖရ(နိုင်)၁၀၁၇၄၆ သည် တစ်ဦးတည်းဖြစ်ပြီး၊ ၎င်း၏ဖခင် ဦးမောင်ရင်နှင့် ဦးခင်မောင်ရင် ၁၀/သဖရ (နိုင်)၀၃၄၇၉၈ သည်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးမူ(ခ)ဒေါ်နန်းစော**
**ဦးမောင်ရင်(ခ)ဦးခင်မောင်ရင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9226, TOYOTABELTA SCP 92, SALOON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန္ဒာဝင်း ၉/တကန(နိုင်)၁၀၃၄၈၄ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ဇီးကုန်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| ဦးကိုကိုနိုင် | နှင့် | ဒေါ်ထက်ထက်လှိုင် |
| **တရားလို** | | **တရားပြိုင်** |

ချောင်းခွရွာ၊ စောင်းဇုက်အုပ်စု၊ နတ္တလင်းမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်ထက်ထက်လှိုင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၈ရက် (၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးဇေယျ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဇီးကုန်းမြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၉၀

| | | |
|---|---|---|
| ဦးစံမြင့် | နှင့် | ၁။ ဒေါ်မြမြ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးမြင့်)<br>၂။ ဦးလှဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ (၅) လမ်းအနောက်၊ အမှတ် (၁၀၆၈) (ပထမထပ်)နေ (၂) တရားပြိုင် ဦးလှဝင်း (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တစ်ဦးတည်းသော တရားဝင်ပိုင်ဆိုင်သော ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၆ရက် (၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၈)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန
## အသားထုတ်လုပ်ရောင်းချခွင့်အား အိတ်ဖွင့်တင်ဒါ/ အခြားနည်းစနစ်ဖြင့် လျှောက်ထားနိုင်ကြောင်းကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကန်သာ/သစ်ပုတ်ပင်ဈေး (အမဲ) ဈေးခုံနှင့် ကန်သာ/သစ်ပုတ် ပင်ဈေး(ဆိတ်)ဈေးခုံ(၂)ခုံ၏ ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်၊ (၁-၄-၂၀၂၂ မှ ၃၁-၃-၂၀၂၃ ရက်နေ့အထိ) ကာလအတွက် အသားထုတ်လုပ်ရောင်းချခွင့်အား အိတ်ဖွင့်တင်ဒါစနစ်/ အခြားနည်းစနစ်တို့ဖြင့် ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) နေ့ရက် - ၂၉-၃-၂၀၂၂ရက် (အင်္ဂါနေ့)
(ခ) အချိန် - ညနေ ၃နာရီ
(ဂ) နေရာ - တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

၂။ အသားထုတ်လုပ်ရောင်းချခွင့်အား အိတ်ဖွင့်တင်ဒါစနစ်/ အခြားနည်းစနစ်ဖြင့် လျှောက်ထားလိုသူသည် (၂၄-၃-၂၀၂၂)ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတွင် ရုံးချိန်အတွင်း ဈေးခုံလျှောက်လွှာနှင့်အတူ ဈေးခုံစည်းကမ်းချက်များ၊ ဈေးခုံနယ်မြေသတ်မှတ်ချက်များ အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။ ဈေးခုံအတွက် ပေးသွင်းရမည့် အာမခံငွေများကို နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ P.O Cheque ဖြင့် ပေးသွင်း၍ (၂၈-၃-၂၀၂၂)ရက် ညနေ ၃: ၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်ပြသွားရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်စုံစမ်းသိရှိလိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ဖုန်း-၀၆၇-၄၃၂၄၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးခုံများနေရာချထားမှုကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် (၇)၊ ၇-လွှာ/အေ၊ အလျား ၁၂၁/၂ ပေxပေ ၅၀ လူနေတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း။

အထက်ဖော်ပြပါတိုက်ခန်းအား ဦးဇေယျာဝင်း ၁၂/ဥကတ(နိုင်)၁၅၃၆၉၈ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့် ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြိုးမင်း ၁၂/စခန(နိုင်)၀၆၆၅၉၇က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ ဒေါ်အိဖြိုးမင်းထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုကေခိုင်**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၃၁၄၉/၃၀-၁၀-၂၀၁၃)**
**အမှတ် (၇၀)၊ ပထမထပ်၊ ကျွန်းတောလမ်းမကြီး၊ ကျွန်းတော (အလယ်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၉၉၅၅၉၉၊ ၀၉-၇၈၅၂၂၂၇၁၂**

---

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဝင့်သော်တာထူး၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဒေါ်ခိုင်ဝင့် သော်တာထူး ၁၂/ဗဟန(နိုင်)၀၉၆၀၀၂သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နေ ဦးထက်အောင် ၁/မကန(နိုင်)၁၁၁၉၄၆ပိုင်ဆိုင်သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် ၁၅/ထန်းတပင်ရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၆၂၇၁)၊ ပေ ၄၀၊ ပေ ၆၀၊ အကျယ်အဝန်း ဧရိယာ(၀ဒသမ ၀၅၅)အား ဝယ်ယူမည်ဖြစ်ပါ၍ ၎င်းမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘချစ်(ခ)ဦးချစ်ဦးမောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၂၂၇)**
**ဖုန်း-၀၉-၉၆၁၅၂၈၂၇၉**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ဥတ္တရသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၇

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်<br>(ဥတ္တရသီရိဘဏ်ခွဲ)<br>(ယခင်နေပြည်တော်<br>စည်ပင်ဘဏ်လီမိတက်)<br>၎င်း၏ကိုယ်စားဒေါ်နုနုရီ<br>(လက်ထောက်မန်နေဂျာ) | နှင့် | ၁။ ဦးသင်းနိုင်<br>၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက်<br>(ခ)ဆန္ဒဘုန်းပြည့်မြန်မာဂရု အော့ဖ် ကုမ္ပဏီလီမိတက်<br>၃။ ဦးပြည့်လင်းအောင် |
| **တရားလို** | | **တရားပြိုင်များ** |

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေတန်းရွာ၊ အိမ်အမှတ်(၄၀)နေ (၁) တရားပြိုင် ဦးသင်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

